# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၈၇)


**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ကြည့်ရှုစစ်ဆေး**

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တိုက်ကြီးမြို့နယ် အိုင်ကလောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ လယ်မြေများအတွင်းသို့ ရေပေးသွင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# စိုက်ပျိုးရေရရှိနိုင်သည့် နည်းလမ်းမျိုးစုံ အသုံးပြု တောင်သူများ၏လယ်မြေအရောက် ပေးဝေနိုင်ရေး ကြိုးဆ ဒိုချက်ကင်း သဘာဝမြေဩဇာသုံးစွဲရေး ပညာပေး



ရန်ကုန် ဒီဇင်ဘာ ၂၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းသည် နံနက် ၁၀ နာရီတွင် တိုက်ကြီးတပ်နယ်သို့ရောက်ရှိလာပြီး နယ်မြေခံတပ်၏ ပျိုးဥယျာဉ်အတွင်း ခြစ်စည်းရိုးကြက်ဆူပျိုးပင် ၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုနှင့် ငရုတ်ကောင်းပင်များ ဖြစ်ထွန်းနေမှုကိုလည်းကောင်း၊ ပီလောပီနံစိုက်ခင်း ဧက ၁၀၀ ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် တိုင်းမှူးသည် တိုက်ကြီးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့သွားရောက်၍ စာသင်ခန်းများ ပြုပြင်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

**မြန်မာ့အလင်း**

## ဆောင်းပါးအညွှန်း

**အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်ချဲ့လက်သစ်လုပ်နေသည့် နိုင်ငံဖြစ်၏။ ထို့အပြင် သူတစ်ပါးနိုင်ငံများကို စစ်ရေးအရ အနိုင်ကျင့်၍ အခြားတိုင်းပြည်များရှိ ပြည်သူအမြောက်အမြားကို သေကျေပျက်စီး ဒုက္ခဖြစ်စေသည့် နိုင်ငံဖြစ်၏။ ကမ္ဘာပေါ်ရှိ နိုင်ငံများထဲတွင် အမေရိကန်နိုင်ငံသည် လူ့ယဉ်ကျေးမှုစရိုက် အပျက်စီးဆုံး နိုင်ငံဖြစ်သည်။ အမေရိကန် သည် ကလေးသူငယ်များကို အဓမ္မကျင့်၍ သတ်ဖြတ်မှု မြောက်မြားစွာရှိသော နိုင်ငံတစ်ခုဖြစ်၏။**

ဖဒိုအောင်ဆန်း၏ ကျွန်တော်နှင့်အဖျက်သမားများ ဆောင်းပါး စာမျက်နှာ ၁၀ – ၁၁ တွင် ဖတ်ရှုနိုင်ပါသည်။

# ခြစ်စည်းရိုးကြက်ဆူပင် မျိုးကောင်းမျိုးသန့် စမ်းသပ်သုတေသနပြု

**သတင်းမှတ်စု–ကျော်စိန်၊ ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး(မြန်မာ့အလင်း)**

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရေဆင်းစိုက်ပျိုးရေးသုတေသနဌာနတွင်းရှိ စက်မှုကုန်ကြမ်းသီးနှံ ဌာနစုသို့ မြန်မာ့အလင်း သတင်းအဖွဲ့ မကြာမီက ရောက်ရှိလေ့လာခဲ့ကြရာ စက်မှုကုန်ကြမ်းသီးနှံဌာနစု တာဝန်ခံ လက်ထောက်သုတေသနအရာရှိ ဦးမောင်မောင်တာအား တွေ့ဆုံ၍ ၎င်းတို့ဌာနမှ ဆောင်ရွက်နေသောလုပ်ငန်းများကို သိရှိခွင့်ရခဲ့သည်။

**သုတေသနပြု**

စက်မှုကုန်ကြမ်းသီးနှံဌာနစုအနေဖြင့် ကြံသုတေသနလုပ်ငန်း၊ ဝါချည်မျှင်ရှည်ဝါ သုတေသနလုပ်ငန်း၊ ဂုန်လျှော်သုတေသနလုပ်ငန်းနှင့် ခြစ်စည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းများကို သုတေသနပြုလျက်ရှိသည်။

**မျိုးကောင်းမျိုးသန့်**

ကြံသီးနှံနှင့် ဝါမျိုးသန့်ထိန်းသိမ်းရေးနှင့် မျိုးသန့်ထုတ်လုပ်ရေးကို အဓိကထားလုပ်ကိုင်သည့် မျိုးသန့်ထုတ်လုပ်ရေးအတွက် မျိုးစုဆောင်းခြင်း၊ ပြည်တွင်းပြည်ပမှ ရရှိသော မျိုးများကို စုဆောင်း၍ကောင်းသော လက္ခဏာများကိုကြည့်သည်။ တိုက်ရိုက်ထုတ်လုပ်ရနိုင်သောမျိုးကိုစမ်းသပ်ပြီး ဒေသခွဲ သုတေသနခြံများသို့ပေးပို့ပြီး မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ဆောင်သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❐



**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန တပ်ကုန်းစိုက်ပျိုးရေး သုတေသနခြံမှ မျိုးစပ် ခြစ်စည်းရိုးကြက်ဆူပင်စိုက်ခင်းတွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ခြစ်စည်းရိုးကြက်ဆူသီးများကို ဤသို့တွေ့ရသည်။**

ဓာတ်ပုံမှတ်တမ်း–သိန်းဝင်းလေး (မြန်မာ့အလင်း)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက်)

# ရောဝတီတံတား(ရတနာပုံ) စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလထက် စောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ကောင်းမွန်စေရေးအတွက် လမ်းဟောင်း၊ တံတားဟောင်းများကို ပြုပြင်တည်ဆောက်ပေးလျက်ရှိသကဲ့သို့ လမ်းသစ်၊ တံတားသစ်များစွာကိုလည်း လက်ယုက်ထိုး ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကောင်းမွန်လာမှုကြောင့် နယ်မြေဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ကုန်သွယ်စီးပွားရေးလုပ်ငန်းများ တိုးတက်လာပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွား အခြေအနေများ တိုးတက်မြင့်မားလာလျက်ရှိသည်။

မြန်မာနိုင်ငံအထက်ပိုင်းတွင် လူဦးရေ တိုးပွားလာမှု၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှုများကြောင့် ယာဉ်သွားလာမှု များပြားလာသည့်အတွက် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့ ဆက်သွယ်သွားလာနိုင်မည့် ရောဝတီတံတား(ရတနာပုံ)ကို လက်ရှိ အင်းဝတံတား၏အထက် ရေဆန်ဘက် ပေ ၂၀၀၀ခန့်အကွာ၌ တည်ဆောက်လျက်ရှိသည်။

၁၉၃၄ခုနှစ်ကတည်းက အသုံးပြုခဲ့သည့် ရောဝတီမြစ်ကူး အင်းဝတံတားသည်လည်း သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်သဖြင့် ဝန်လေးယာဉ်များ ဖြတ်သန်းသွားလာရာ၌ ကန့်သတ်ချက်များရှိလာခဲ့သည်။

ရောဝတီတံတား(ရတနာပုံ)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက မန္တလေးဘက်ကမ်းနှင့် စစ်ကိုင်းဘက်ကမ်းတို့တွင် တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိသည်။ ပင်မတံတား သံပေါင်ခုံး ကြမ်းခင်းခြင်း၊ ရက်မများ တပ်ဆင်ခြင်းနှင့် ချဉ်းကပ်တံတားပေါ်၌ နိုင်လွန်ကတ္တရာ ခင်းကျင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်သည်။

ရောဝတီတံတား(ရတနာပုံ)၏ပင်မတံတားမှာ သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်သည်။ ချဉ်းကပ် တံတားများမှာ မန္တလေးဘက်ကမ်း၌ ပေ ၁၁၄၀၊ စစ်ကိုင်းဘက်ကမ်း၌ ပေ ၇၈၀ ရှိပြီး သံကူကွန်ကရစ်ရက်မ နှင့် ကြမ်းခင်းတံတားအမျိုးအစားဖြစ်သည်။ တံတား၏စုစုပေါင်းအရှည်မှာ ၅၆၁၄ပေရှိသည်။ တံတားကြီးကို ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ရှိသည့် လေးလမ်းသွား တံတားကြီးအဖြစ် တည်ဆောက်နေခြင်း ဖြစ်သည်။

မြန်မာအင်ဂျင်နီယာများနှင့် ဝန်ထမ်းများသည် တံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို အရည်အသွေးရှိရှိ သတ်မှတ်ကာလထက် စောပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



# ဗိုလ်မှူးကြီးမောင်ပါ ဒလမြို့နယ် ပြည်သူ့ဆေးရုံစစ်ဆေး ရွှေလှေချောင် ချောင်းဖြတ်ကွန်ကရစ်တံတားသစ် ကြည့်ရှု

ရန်ကုန် ဒီဇင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများ လိုက်ပါ၍ ဒီဇင်ဘာ ၂၃ရက် နံနက်ပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် မြို့မ(၃)ရပ်ကွက်ရှိ ဗြဟ္မဝိဟာရ ကွင်းကျောင်းသို့ ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ တေဇအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် အဆိုပါ ဘုန်းတော်ကြီးကျောင်း၌ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်အပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ပေးအပ်

ထို့နောက် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဒလမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပညာရေးလုပ်ငန်းတွင် အသုံးပြုရန် လှူဒါန်းသည့် ငွေကျပ်တစ်သိန်းကို တိုင်းအသင်းခေတ္တအတွင်းရေးမှူး ဦးအောင်မြင့်က ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်ထံ ပေးအပ်သည်။

### အားပေးစကားပြောကြား

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ဒလမြို့နယ် (၂၅)ခုတင်ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး သံဃာကုသဆောင်၊ ပြင်ပလူနာကုသခန်း၊ အမျိုးသားလူနာကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ မွေးလူနာခန်းနှင့် အမျိုးသမီးလူနာ ကုသဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လူနာများအား အလှူငွေနှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်း၍ အားပေးစကား ပြောကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာသို့ သွားရောက်၍ ဒလမြို့နယ်နှင့် ကော့မှူးမြို့နယ် လွယ်ကူချောမွေ့စွာ ဆက်သွယ်သွားလာနိုင်ရေး အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တည်ဆောက်ထားသော ပျော်ဘွယ်ကြီးကျေးရွာနှင့် ရွှေလှေချောင်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် ရွှေလှေချောင် ချောင်းဖြတ်ကွန်ကရစ် တံတားသစ်ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်သည် ပျော်ဘွယ်ကြီးကျေးရွာ တိုက်နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး ခွဲစိတ်ဆောင်၊ ဆေးသိုလှောင်ခန်းနှင့် အမျိုးသား အမျိုးသမီးလူနာ ကုသဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးကာ လူနာများအား အလှူငွေများ ပေးအပ်လှူဒါန်းပြီး အားပေးစကား ပြောကြားကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၆–၁၂–၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၁၅ | ၄။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၄:၃၅ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | ပညာခေတ် |
| ၅:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၄၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၄။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြစ်တစ်စင်းရဲ့သံစဉ်"** (အပိုင်း–၃) |
| ၈:၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၇။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၁၈။ | English Premier League ဘောလုံးပွဲ Manchester United Vs Wigan Athletic (Live) |

## နိဗ္ဗာန်ရွှေဂူတောရရိပ်သာသို့ အလှူငွေများ လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်းရှိ မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရ ရိပ်သာအတွက် မဟာရံ အုတ်တံတိုင်းများ လိုအပ်လျက်ရှိရာ အနန္တငါးပါးဦးထိပ်ထား၍ ကိုယုအောင်–မစန်းစန်းလွင်၊ သမီးယဉ်မွန်ဗိုလ်၊ သဲယုနန္ဒာ (၁၅)က ရွှေတောင်ကြားရိပ်သာက အလှူငွေကျပ် ၅၀၀၀၀၊ နှစ်ဖက်မိဘများ အမှူးထား၍ ဦးသော်တာ–ဒေါ်ပင်စီကျော် သားမောင်မိုးထက်သော်တာကျော်ရွှေ ၁–ရပ်ကွက် ငွေဝတ်မှုံ ရန်ကုန်က ကျပ် ၅၀၀၀၀ လှူဒါန်းခဲ့သည်။ အလှူငွေများကိုဖုန်း–၀၉–၅၁၃၇၀၈၆ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၆–၁၂–၂၀၀၆ (အင်္ဂါနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | အချိန်နှင့်အလုပ်တရားတော် အပိုင်း(၁) (သီတဂူဆရာတော်) |
| ၇:၅၅ | စွယ်တော်လေးဆူဆုပန်ယူ |
| ၈:၁၅ | တေးဂီတအစီအစဉ် |
| ၈:၂၀ | ငွေကြယ်ပွင့်တို့၏ဖြစ်တည်မှု (ခင်ဘုဏ်းနှင့် သူမ၏ အနုပညာခရီးလမ်း) |
| ၈:၅၀ | Music Gallery (ပိုးအိစံ–အကဲလေး) |
| ၉:၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၃၀ | သံစဉ်များကိုဖန်တီးသူ |
| ၉:၅၀ | တေးဂီတအစီအစဉ် |
| ၉:၅၅ | Sunday Talk |
| ၁၀:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၄၅ | ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိဋကတ်လှူဒါန်းစို့ |
| ၁၁:၀၅ | တေးဂီတအစီအစဉ် |
| ၁၁:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၁၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၁၁:၄၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၅၅ | တေးဂီတအစီအစဉ် |
| ၁၂:၀၀ | ရင်သွေးငယ်များ ကျန်းမာဖို့ မိခင်နို့ချိုတိုက်ကြစို့ |
| ၁၂:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၁၅ | The Game Guide (War Craft) |
| ၁၂:၄၅ | တေးဂီတအစီအစဉ် |
| ၁၂:၅၀ | မေတ္တာပန်းတို့ လန်းဆန်းရာ ဟသ်ာတမေတ္တာဝါဒီပရဟိတဂေဟာ |
| ၁:၀၀ | MRTV-4 အပိတ် Logo၊ |

**အထက်ပါခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၀၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports(Live) |
| ၇:၂၄ | Chelsea-Reading | 5-Sports(Live) |
| | Tottenham-Aston Villa | 5-Sports(Live) |
| ၉:၃၀ | Man Utd - Wigan | 5-Sports(Live) |
| | Blackburn-Liverpool | 5-Series(Live) |
| | Bolton-Newcastle | 5-Cartoons(Live) |
| ၁၁:၃၀ | West Ham - Portsmouth | 5-Sports(SDD) |
| ၁၁:၅၅ | Watford - Arsenal | 5-Series(Live) |

# ဇေယျမင်္ဂလာကျောင်းတိုက် တရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကာယ(၁၂)လမ်းရှိ ဇေယျမင်္ဂလာကျောင်းတိုက်၌ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၃ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲ၌ တပ်ကုန်းမြို့ ဆင်ဖြူကျွန်းရိပ်သာ ဆရာတော်ဘဒ္ဒန္တ သောဘန (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)နှင့် မရမ်းကုန်းမြို့နယ် သာသနအောင်မြေ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဃဝံသ (သာသနဓဇဓမ္မာစရိယ)တို့က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများ ဖုန်း–၆၅၀၂၆၅ သို့ ဆက်သွယ်စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

# လုပ်ငန်းများကို လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီဆောင်ရွက် နိုင်ငံတော်နှင့် အစိုးရအပေါ် သစ္စာရှိ၊ လာဘ်လာဘကင်းအောင်လုပ်ကိုင်

နေပြည်တော် ဒီဇင်ဘာ ၂၅

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဘိုးဘွားရိပ်သာအဆောက်အအုံ၌ ဖွင့်လှစ်ထားသော ယာယီမြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ရုံးသို့ရောက်ရှိပြီး သတင်းတပ်ဖွဲ့မှ ဒုတိယရဲမှူးနှင့် ဝန်ထမ်းများ၊အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တိုင်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး၊ ခရိုင်ဦးစီးမှူးနှင့် တာဝန်ခံဆောင်ရွက်နေသော ဝန်ထမ်းများ၏ဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ထိုင်းနိုင်ငံမှ တရားမဝင်အလုပ်သမားများ လာရောက်ပြီး ယာယီနိုင်ငံကူးလက်မှတ်ပြုလုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။**

### အလေးအနက်ထား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရွှေဝက်ဝံတံတားစစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအား တွေ့ဆုံပြီး ဆက်လက်ထွက်ခွာလာရာ မြို့မတံတားစစ်ဆေးရေးဂိတ်သို့ရောက်ရှိပြီး နိုင်ငံခြားသားများနှင့် မြန်မာနိုင်ငံသားများ နယ်စပ်ဒေသ ဝင်ထွက်မှုကို e-Entrance စနစ်ဖြင့် ဆောင်ရွက်နေမှုများ၊ ကွန်ပျူတာဖြင့်ဝင်ငွေကောက်ခံမှု၊စာရင်းဇယားမှတ်တမ်းဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ထုံးလုပ်နည်း၊ ဥပဒေညွှန်ကြားချက်များနှင့်အညီအလေးအနက်ထားဆောင်ရွက်ကြရန် မှာကြားပြီး သူဌေးကျွန်းရှိ နိုင်ငံခြားသားမတရားဝင်ရောက်သူများ ကာကွယ်တားဆီးရေးအဖွဲ့ကိုသွားရောက်စစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးခန်း၌ တိုင်း၊ ခရိုင်၊ နိုင်ငံခြားသားမတရားဝင်ရောက်သူများ ကာကွယ်တားဆီးရေးအဖွဲ့၊ နယ်စပ်ကုန်သွယ်ရေးစခန်း၊ မြို့နယ်ဦးစီးရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဝန်ကြီးဌာန၏ အဓိကတာဝန်ကြီးသုံးရပ်၊ ရည်မှန်းချက်တာဝန်ကိုးရပ်နှင့် ဦးစီးဌာနနှစ်ခုအောက်ရှိ ဌာနခွဲခြောက်ခု၏ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အသေးစိတ်ရှင်းလင်းခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရာ၌ စာရွက်စာတမ်းပြည့်စုံသော အမှုတွဲများကို ၂၈ ရက်နှင့်ပြီးပြတ်အောင် ဆောင်ရွက်ရန်နှင့် နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရအပေါ် သစ္စာရှိကြရန်၊ လာဘ်လာဘကင်းရှင်းအောင် နေထိုင်လုပ်ကိုင်ရန်တို့ကို အသေးစိတ်မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီခွဲတွင် ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ရောက်ရှိပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေး အဝင်/အထွက် ကောင်တာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မှမော်တော်ယာဉ်ဖြင့်ထွက်ခွာလာရာ မော်လမြိုင်သို့ ညနေ ၅ နာရီတွင် ရောက်ရှိပြီး မွန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးခန်းမ၌ မွန်ပြည်နယ်/ခရိုင်ဦးစီးဌာနမှူးများ၊ မြို့နယ်ဦးစီး ဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံကာလုပ်ငန်းဆိုင်ရာများ အသေးစိတ်ရှင်းလင်းမှာကြားပြီး မော်လမြိုင်၌ ရပ်နားသည်။

### ရှင်းလင်းမှာကြား

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၈ ရက်တွင် မော်လမြိုင်မှ ကော့ကရိတ်မြို့သို့ရောက်ရှိပြီး ကော့ကရိတ်မြို့နယ် ဦးစီးဌာနမှူးရုံး၌ ကော့ကရိတ်ခရိုင်/မြို့နယ် ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက်တွင် ကော့ကရိတ်မှ မြဝတီသို့ ရောက်ရှိပြီး တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ–ထိုင်း ချစ်ကြည်ရေး တံတားသို့ ရောက်ရှိပြီး Passport ကိုင်ဆောင်၍ နိုင်ငံခြားသားများဝင်/ထွက်ခြင်း၊ BP/TBP ဖြင့် ဝင်ထွက်သွားလာကြသည့် နိုင်ငံခြားသားများအားဝင်ငွေကောက်ခံရရှိမှုနှင့် စာရင်းဇယား ရေးသွင်းဆောင်ရွက်ထားရှိသည့် e-Entrance စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီးဝင်ငွေကောက်ခံရရှိမှု စာရင်းဇယားများနှင့်မှတ်တမ်းဆောင်ရွက်ထားရှိမှုတို့ကို လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ကြရန်တို့ကို အလေးအနက်ထားမှာကြားသည်။ ဆက်လက်၍ ဓမ္မရန်အောင် ဝင်/ထွက်စခန်း၊ ကျောက်တန်းဝင်/ထွက်စခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ မြဝတီမြို့ ယာယီမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ရုံးနှင့်ကြိုဆိုလက်ခံရေးစခန်းသို့ရောက်ရှိပြီးဝန်ထမ်းများဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ စနစ်တကျ လုပ်ငန်းဆောင်ရွက်ရန်မှာကြားသည်။

### ဝန်ထမ်းများနှင့်တွေ့ဆုံ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြဝတီခရိုင် ဦးစီးဌာနမှူးရုံး၌ ပြည်နယ်/ခရိုင် မြို့နယ်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များအသေးစိတ်ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် မြဝတီမြို့မှ ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိပြီး ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနရုံးခန်းမ၌ ကရင်ပြည်နယ်/ခရိုင် ဦးစီးဌာနမှူး၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ လိုအပ်သည်များအသေးစိတ်ရှင်းလင်းမှာကြားသည်။

### လုပ်ငန်းဆိုင်ရာများမှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ၂၁ ရက် နံနက်ပိုင်းတွင် ဘားအံမြို့မှ သထုံမြို့သို့ ရောက်ရှိပြီး သထုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး ဝန်ထမ်းများအားလည်းကောင်း၊ဘီးလင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအားလည်းကောင်း၊ ကျိုက်ထိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းမှာကြားပြီး ဆက်လက်ထွက်ခွာလာရာ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

### အသေးစိတ်မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ပဲခူးမြို့သို့ ရောက်ရှိပြီး ပဲခူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊သောင်လေးပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်း များအားလည်းကောင်း၊ ကျောက်တံခါးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအားလည်းကောင်း၊ ဖြူးမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများအားလည်းကောင်း တွေ့ဆုံပြီး လိုအပ်သည်များ အသေးစိတ်မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ဒီဇင်ဘာ ၅ရက်က လှိုင်သာယာမြို့နယ် သမိုင်းဝင် သက်သာပန်းတောင်းရွှေရင်အေးစေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန်အတွက် ဦးသောင်းရင်–ဒေါ်တင်တင်မြင့်မိသားစုက အလှူငွေကျပ် ရှစ်သိန်းတိတိ ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမျိုးဟန်နှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရွှေတို့က လက်ခံယူစဉ်။** (၁၈၀)

### ❒ ရှေ့ဖုံးမှ

### ဒေသအလိုက်

ကြက်ဆူပင်နှင့်ပတ်သက်၍ သုတေသနအနေဖြင့် နိုင်ငံတော်က လိုအပ်သော ကူညီမှုများလုပ်နေသည်။ ခြံစည်းရိုး ကြက်ဆူပင်နှင့်ပတ်သက်၍ သုတေသနလုပ်ငန်းကို အဓိကလုပ်နေသည်။ မြန်မာပြည်တွင်းရှိ ဗီဇမျိုး၊ နိုင်ငံခြားမှရသောမျိုးများ၊ ဗီဇလက္ခဏာများကွဲပြားခြားနားမှုကို လေ့လာသည်။ လေ့လာချက်အရ မည်သည့်ဒေသနှင့်သင့်တော်သည်၊ မျိုးကွဲများ၏ အထွက်နှုန်းစမ်းသပ်ခြင်း၊ ဒေသအလိုက် မျိုးကွဲများ၏ လက္ခဏာများကို အဓိကထား၍ သုတေသနပြုလုပ်လျက်ရှိကြောင်း သိရသည်။

### ကွဲပြားခြားနား

လောလောဆယ်အားဖြင့် မြန်မာပြည်တစ်ပြည်လုံးမှ မျိုးပေါင်း ၆၀ ကျော်ရရှိထားသည်။ ရှမ်းပြည်နယ် တောင်ပေါ်မြေပြန့် ဒေသကွဲများကို စိုက်ရန်လေ့လာသည်။ ပင်စည်ပုံသဏ္ဌာန်၊ အရွက်ပုံစံ၊ သဘောသဘာဝ ရောဂါခံနိုင်ရည်ရှိမှုစသည်တို့ကို လေ့လာနေသည်။ ယင်းသို့လေ့လာရာတွင် ပထမအကြိမ် စမ်းသပ်လေ့လာမှုသာ ရှိသေး၍ အတိုင်းအတာတစ်ခုအထိ လေ့လာရရှိပြီး၊ ပထမအကြိမ်နှင့် မလုံလောက်ဘဲ ဒုတိယနှစ်၊ တတိယနှစ် လေ့လာပြီးမှ ကွဲပြားခြားနားမှုများကို ဖော်ထုတ်သွားကြမည်ဖြစ်သည်။

### ခံနိုင်ရည်

ခြံစည်းရိုးကြက်ဆူပင်နှင့် ပတ်သက်၍ ရောဂါပိုးမွှားကျရောက်မှု၊ မည်သည့်မျိုးသည် ခံနိုင်ရည်ရှိသည်၊ မည်သည့်မျိုးသည် ရောဂါခံနိုင်ရည်မရှိ၊ ဒေသမျိုးကွဲများ၊ နိုင်ငံခြားမှ လာသောမျိုးများစသည်တို့သည် မည်သည့်မျိုးကရောဂါခံနိုင်မှုရှိသည်တို့ကို သုတေသနပြုနေသည်။ ၎င်းအပြင် မျိုးပွားစနစ်ဖြင့်စိုက်ပျိုးခြင်း၊ ကိုင်းကူးစနစ်ဖြင့် စိုက်ပျိုးခြင်း၊ ခေါင်ညွှန့်ဖြတ်၍ မျိုးပွားစိုက်ပျိုးခြင်း၊ စိုက်ပျိုးသင့်သည့် အပင်အကွာအဝေးတို့ဖြင့် မည်သည့်မျိုး မည်သို့စိုက်သင့်သည်တို့ကို သုတေသနပြုလျက်ရှိကြောင်း တွေ့ရှိရသည်။

၎င်းအပြင် ရေသွင်းစိုက်ပျိုးနည်းဖြင့် စိုက်ပျိုးခြင်း၊ ဓာတ်မြေဩဇာထည့်၍ စိုက်ပျိုးခြင်း၊ မည်သည့်ဓာတ်မြေဩဇာကို သုံးသင့်သည်၊ ဓာတ်မြေဩဇာသုံးခြင်းဖြင့် အထွက်နှုန်းမည်သို့တက်လာမည် စသည်တို့ကို စမ်းသပ်သုတေသနပြုလျက်ရှိသည်။

### မျိုးစပ်ခြင်းလုပ်ငန်း

ကြက်ဆူပင်နှင့်ပတ်သက်၍ ရေဆင်းသုတေသနဌာနတွင် တစ်ပြည်လုံးမှမျိုးများကိုယူ၍ စမ်းသပ်လျက်ရှိရာ ဒေသအသီးသီးမှကြက်ဆူမျိုးများ၊ ကို ဒေသကွဲမျိုးများကိုစိုက်ပျိုး၍ စမ်းသပ်နေသည်။ စမ်းသပ်ရရှိသောမျိုးများမှ ဗီဇကွဲသောမျိုးများကို မျိုးစပ်ခြင်းလုပ်ငန်းများလုပ်ရန် သုတေသနပြုလျက်ရှိသည်။ ဗီဇကွဲမျိုးစမ်းသပ်ခြင်းကိုရေဆင်းသုတေသနဌာန တစ်ခုတည်းမှသာ သုတေသနလုပ်ဆောင်လျက်ရှိကြောင်း သိခဲ့ရသည်။ ။

**(မြန်မာ့အလင်း)**

**တောင်ဥက္ကလာပမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်ကြီးဘိုးဘွား ၆၀တို့အား ကျန်းမာရေးစစ်ဆေးကုသမှုများ ပြုလုပ်ခြင်းကို ဒီဇင်ဘာ ၁၅ ရက်က တောင်ဥက္ကလာပ မြို့နယ် ကျန်းမာရေးဌာနတွင် ဆောင်ရွက်စဉ်။** (၂၀၀)



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း၊ ၃ လမ်းမှတ်တိုင်အနီး)တွင် အမှတ် ၂၂ သုနန္ဒာလမ်း ရတနာကျွန်းရိပ်သာရပ်ကွက် မြောက်ဥက္ကလာပနေ ဦးဝင်းဇော်၏ (၄၇)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် အလှူငွေကျပ် တစ်သိန်းငါးထောင်ကို ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်အေးထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



26-12 (03) 1 12/26/06, 1:35 AM



စင်ကာပူနိုင်ငံ ဆန်တိုဆာကျွန်းအပန်းဖြေစခန်းရှိ ကွန်တိန်နာဆိပ်ကမ်း၌ လျှပ်စစ်သံလိုက် ရထားတစ်စင်း ခုတ်မောင်းပြေးဆွဲလျက်ရှိသည်ကို ဒီဇင်ဘာ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# အမေရိကန်၏ကျူးဘားအပေါ် သဘောထား ကျူးဘားလွှတ်တော်ဥက္ကဋ္ဌ ပြစ်တင်ရှုတ်ချ

ဟာဗားနား ဒီဇင်ဘာ ၂၅

**ကျူးဘားတော်လှန်ရေးကို အစဉ်အလာ ဆန့်ကျင်လာခဲ့သည့် အမေရိကန်နိုင်ငံ၏ ရပ်တည်ချက်သဘောထားကို ပြစ်တင်ရှုတ်ချလိုက်ပြီးနောက် ကျူးဘားအမျိုးသားလွှတ်တော်၏ တစ်နှစ်တာ လည်ပတ်ဆောင်ရွက်မှုကို ဒီဇင်ဘာ ၂၂ရက်က အဆုံးသတ်လိုက်ကြောင်း ပရင်ဆာတီနာသတင်းဌာနက ကြေညာသည်။**

## ပြစ်တင်ရှုတ်ချ

ဒီဇင်ဘာ ၂၂ရက်က ရှစ်နာရီကြာ ကျူးဘားလွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားပြီး နိဂုံးချုပ်လိုက်သည်။ ကျူးဘား တော်လှန်ရေးကို ဖျက်ဆီးပစ်ရန် အမေရိကန်နိုင်ငံသည် သမိုင်းနှင့်ချီ၍ စိတ်ဝင်စားခြင်းကို ၎င်း၏ မိန့်ခွန်းတွင် ပြစ်တင် ရှုတ်ချလိုက်သည်။

## အတည်ပြု

အဆိုပါ အစည်းအဝေးက ၂၀၀၆ခုနှစ်အတွင်း ကျူးဘားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအောင်မြင်မှုများကို ပြန်လည်သုံးသပ်ပြီး ၂၀၀၇ခုနှစ် ဘတ်ဂျက်ဥပဒေကို အတည်ပြုလိုက်သည်။

## တိုးတက်

ကျူးဘားနိုင်ငံ၏ စီးပွားရေးမှာ ၂၀၀၆ခုနှစ်အတွင်း ၁၂ဒသမ၅ ရာခိုင်နှုန်း တိုးတက်မည်ဟု ကျူးဘား စီးပွားရေး ဝန်ကြီး ဟိုဆေးလူဝီရိဒရစ်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဗင်နီဇွဲလားနှင့်အီရန် နှစ်နိုင်ငံကမ်းလွန်သဘာဝဓာတ်ငွေ့ ပူးတွဲရှာဖွေမည်

ကရာကက် ဒီဇင်ဘာ ၂၅

**ကမ်းလွန်သဘာဝဓာတ်ငွေ့ရှာဖွေရေးအတွက် ပူးတွဲဆောင်ရွက်ရန် အီရန်ကုမ္ပဏီတစ်ခုနှင့် ဗင်နီဇွဲလားနိုင်ငံပိုင် ရေနံကုမ္ပဏီတစ်ခုဖြစ်သော ပီဒီဗွီအက်စ်အေတို့ ဒီဇင်ဘာ ၂၂ရက်၌ သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်ကြောင်း ပီဒီဗွီအက်စ်အေက သတင်းဖော်ပြသည်။**

အီရန်အစိုးရပိုင် ရေနံကုမ္ပဏီအနေဖြင့် ဗင်နီဇွဲလားရေနံကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်မှုလုပ်ငန်းအမည်ကို ဗင်နီဇီရန်ရေနံလုပ်ငန်းဟုအမည်ပေးထားပြီး အကျိုးအမြတ်များကို ဗင်နီဇွဲလားနိုင်ငံက ရရှိမည်ဖြစ်သည်။

## ဖော်ပြ

ထိုသို့ ဗင်နီဇွဲလားနိုင်ငံက အကျိုးအမြတ်ရယူမည် ဖြစ်သော်လည်း အီရန်ရေနံကုမ္ပဏီဖြစ်သည့် ဆာဒရာအနေဖြင့် ပင်လယ်နက် သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးရေးစီမံကိန်းများ နှင့် ဓာတ်ငွေ့ရှာဖွေရေးနယ်မြေအသစ်များကို ရရှိအောင် လုပ်ဆောင် သွားမည်ဟု ပီဒီဗွီအက်စ်အေက ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်၌ ဖော်ပြသည်။

## ပူးပေါင်းမည်

နှစ်နိုင်ငံအကြား နည်းပညာဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာတို့တွင် စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ အစီရင်ခံစာတွင် ဆက်လက် ဖော်ပြထားသည်။

အီရန်နိုင်ငံပိုင် ကုမ္ပဏီဖြစ်သည့် ဆာဒရာမှ ဗင်နီဇွဲလားနိုင်ငံသို့ အင်ဂျင်နီယာ၊ အဆောက်အအုံ တည်ဆောက်မှု၊ ပြန်လည်ပြင်ဆင်မှု၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးဆိုင်ရာကဏ္ဍများတွင် ပူးပေါင်းလုပ်ဆောင်သွားမည့်အပြင် နည်းပညာဖလှယ်မှုများလည်း ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**






# ဒါကာမြို့၌ ဘတ်စ်ကားတိမ်းမှောက် ခရီးသည် သုံးဦး သေဆုံး

**ဒါကာ ဒီဇင်ဘာ ၂၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဒီဇင်ဘာ ၂၀ ရက်က ခရီးသည်တင် ဘတ်စ်ကားသည် သစ်ပင်ကို ဝင်တိုက်မိရာမှ တိမ်းမှောက်ရာ ခရီးသည်သုံးဦး သေဆုံးပြီး ၃၅ဦး ဒဏ်ရာရကြောင်း ယူအင်န်ဘီသတင်းဌာနက ထုတ်ပြန်ကြေညာသည်။

## ဖြစ်ပွား

ယင်းဖြစ်ပွားမှုသည် ဒါကာမြို့ မြောက်ပိုင်း ကီလိုမီတာ ၃၀ အကွာ ဆာဗာမြို့၌ မတော်တဆ ဖြစ်ပွားခဲ့ရာ ခရီးသည်သုံးဦးမှာ ရုတ်တရက်ဒဏ်ရာပြင်းထန်စွာရရှိရာမှ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများ အားလုံးကို မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

## သေဆုံး

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မော်တော်ယာဉ် မတော်တဆဖြစ်ရပ်များကြောင့် နှစ်စဉ် လူထောင်ပေါင်းများစွာ သေဆုံးလျက်ရှိကြောင်း အဆိုပါသတင်းဌာနက ဖော်ပြထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# အလက်စကာဆီးနှင်းထု ၂၁လက်မအထိ ထူထပ်

**အလက်စကာ ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်၌ ဒီဇင်ဘာ ၂၁ရက်က နှင်းမုန်တိုင်းကြီးကျရောက်ခဲ့ရာ ဗယ်ဒက်ဇ်ဆိပ်ကမ်း၌ သင်္ဘောတစ်စင်း ဆီးနှင်းထုအတွင်း နစ်ဝင်ကာ နစ်မြုပ်ခဲ့သည်။

## တိုက်ခတ်

အဆိုပါဆိပ်ကမ်းမြို့သည် နှင်းမုန်တိုင်း တိုက်ခတ်၍ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းကာ ၂၁လက်မအမြင့်အထိ ဆီးနှင်းထုကြီး ထူထပ်ခဲ့သည်။ ၂၄နာရီအတွင်း ကျဆင်းခဲ့သည့် ယင်းဆီးနှင်းများ ကျဆင်းမှုမှာ ၁၉၈၅ ခုနှစ်နောက်ပိုင်း အမြင့်မားဆုံး စံချိန်ဖြစ်သည်။

**(အင်တာနက်)**

နယူးယောက်မြို့ရှိ တိရစ္ဆာန်ဥယျာဉ်၌ အလွန်ရှားပါးသော မျောက်မျိုးစိတ် တစ်ကောင်ကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

# ပါကစ္စတန်ရှိ ဂါဝါဒါဆိပ်ကမ်းလုပ်ငန်းများ စင်ကာပူ လွှဲပြောင်းယူမည်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၅**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဂါဝါဒါဆိပ်ကမ်း၏ လုပ်ငန်းများအား စင်ကာပူ ကုမ္ပဏီတစ်ခုသို့ လွှဲပြောင်းပေးမည်ဟု ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း ပါကစ္စတန် အစိုးရအဖွဲ့ဝန်ကြီးတစ်ဦးက ဒီဇင်ဘာ ၂၂ရက်တွင် ပြောကြားသည်။

## လွှဲပြောင်းရယူ

ပါရှန်ပင်လယ်ကွေ့ ဝင်ပေါက်ဂါဝါဒါမြို့ရှိ အဆိုပါ ဂါဝါဒါဆိပ်ကမ်းအား လာမည့် ဇန်နဝါရီလ တတိယပတ်တွင် စင်ကာပူဆိပ်ကမ်း ကုမ္ပဏီမှ လွှဲပြောင်း ရယူမည်ဖြစ်သည်။ လုပ်ငန်းလည်ပတ်ခြင်း ဖွင့်ပွဲအခမ်းအနားကိုမူ မတ်လ ၂၃ရက်တွင် ကျင်းပလိမ့်မည်ဖြစ်သည်။

ဂါဝါဒါဆိပ်ကမ်းလုပ်ငန်းများ လွှဲပြောင်းခွင့်ကို ပါကစ္စတန်ဝန်ကြီးချုပ်က ဒီဇင်ဘာ၂၂ရက်တွင် သဘောတူညီခဲ့ကြောင်း ရေကြောင်းနှင့် ဆိပ်ကမ်းဝန်ကြီးဌာနဝန်ကြီး ဘာဘာဂူရီက ပြောကြားသည်။ ဂါဝါဒါဆိပ်ကမ်းသည် ပါကစ္စတန် ဆိပ်ကမ်းမြို့တော်ဖြစ်သော ကရာချိမြို့၏ ကီလိုမီတာ ၄၆၀ အကွာတွင် တည်ရှိပြီးဂါဝါဒါဆိပ်ကမ်းစီမံကိန်းအား ၂၀၀၂ခုနှစ် မတ်လ၂၂ရက်က စတင်လုပ်ကိုင်ခဲ့ကြောင်း သိသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ခေါင်းနှစ်လုံးဖြင့်မြွေကျောက်ဖြစ်ရုပ်ကြွင်း တရုတ်၌တွေ့ရှိ

လန်ဒန် ဒီဇင်ဘာ ၂၅

**ခေါင်းနှစ်လုံးရှိ မြွေအကောင်ရေ၄၀၀ကျော်အထိရှိသွားပြီဖြစ်ကြောင်း သမိုင်းတွင် မှတ်တမ်းတင်ထားသည်။ သို့သော် ပထမဆုံးဟုယူဆရသည့် ခေါင်းနှစ်လုံးကျောက်ဖြစ်ရုပ်ကြွင်း မြွေကိုမူ တရုတ်နိုင်ငံအရှေ့မြောက်ပိုင်းမှ သိပ္ပံပညာရှင်တို့ တွေ့ရှိထားသည်။**

**ရေနေ တွားသွားသတ္တဝါအမျိုးအစားတွင် အကျုံးဝင်သည့် ကျောက်ဖြစ်ရုပ်ကြွင်းမြွေမှာ ဒိုင်နိုဆောများ သက်ရှိထင်ရှားရှိစဉ်ခေတ်ကာလက ဖြစ်သည်။**

**ခေါင်းနှစ်လုံးကျောက်ဖြစ်ရုပ်ကြွင်းမြွေမှာ အသက်ကြီး၍ အရွယ်ရောက်လျှင် အရှည်တစ်မီတာအထိ ရှိနိုင်သော်လည်း ယခုတွေ့ရှိသည့် ကျောက်ဖြစ်ရုပ်ကြွင်းမြွေမှာ ငယ်ငယ်ရွယ်ရွယ်ဖြင့်သေဆုံးပြီး ကျောက်ဖြစ်ရုပ်ကြွင်းဘဝရောက်ရှိသွားခြင်းဖြစ်ကြောင်း သုတေသီများအဖွဲ့ခေါင်းဆောင် ဒေါက်တာအဲရစ်ဘူဖေးတော့က ပြောကြားသည်။**

(အင်တာနက်)

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့ရှိ ရုပ်မြင်သံကြားစက်များ ထုတ်လုပ်သည့် စက်ရုံတစ်ရုံကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)



# ရုရှားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ လာမည့်နှစ်၌ ဝင်ရောက်နိုင်မည်ဟုမျှော်မှန်း

**မော်စကို ဒီဇင်ဘာ ၂၅**

ရုရှားနိုင်ငံသည် လာမည့်နှစ်တွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)သို့ ဝင်ရောက်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ရုရှားနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီး ဂါမန်ဂျရက်ဖ်က ဒီဇင်ဘာ ၂၄ရက်၌ ပြောကြားသည်။

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ရန် ဆောင်ရွက်ဖွယ်ကိစ္စရပ်များကို လုပ်ဆောင်လျက်ရှိပြီး ဒဗလျူတီအိုအနေဖြင့် လက်ခံနိုင်ရန်လည်း ဆောင်ရွက်နေကြောင်း ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဂျရက်ဖ်က ပြောကြားသည်။

ရုရှားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်ရေးအတွက် အကြိုသဘောတူညီချက်များလည်း အခြားနိုင်ငံများနှင့် ရရှိထားပြီးဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။ ရုရှားနိုင်ငံသည် ဒဗလျူတီအို ပြင်ပ၌ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုကြီးမားသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။

**ကြိုးစားခဲ့**

ရုရှားနိုင်ငံအနေဖြင့် ၁၉၉၃ခုနှစ်မှ စတင်ကာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်နိုင်ရန် ကြိုးစားနေခဲ့သော နိုင်ငံလည်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**



## ရေလွှမ်းမှုဖြစ်ပွား

**မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ် တောင်ပိုင်း ကိုတာတင်ဂျီမြို့၌ ရေလွှမ်းမိုးမှုဖြစ်နေသည်ကို ဒီဇင်ဘာ ၂၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)

# တောမီးလောင်မှုနေရာ ခန့်မှန်းသိရှိရန် ဆက်သွယ်ရေးဂြိုဟ်တုများကို အသုံးပြုနိုင်

ဝါရှင်တန် ဒီဇင်ဘာ ၂၅

**တောမီးလောင်ကျွမ်းနိုင်သည့် နေရာများကို ခန့်မှန်းသိရှိရန် ဆက်သွယ်ရေးဂြိုဟ်တုများကို အသုံးပြုနိုင်ကြောင်း လေ့လာဆန်းစစ်ချက်တစ်ရပ်တွင် ဖော်ပြသည်။**

နာဆာ၏ ဂြိုဟ်တုများက တောမီးလောင်ကျွမ်းနိုင်သည့် နေရာများကို ပိုမိုလေ့လာသိရှိနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက လေ့လာတွေ့ရှိ ထားသည်။

**ပေးပို့နိုင်**

ကမ္ဘာမြေပြင်လေ့လာရေးဂြိုဟ်တုများသည် သစ်ပင်များ၏ စိုစွတ်မှုကို သိရှိနိုင်မည်ဖြစ်သကဲ့သို့ သစ်ပင်များ၏ နွမ်းခြောက်သေဆုံးမည့် အနေအထားကိုလည်း သိရှိနိုင်မည်ဖြစ်က ယင်းမှ တစ်ဆင့် ခြောက်သွေ့နေရာ ဖြစ်လာနိုင်သည့် အချက်အလက်များကို ပေးပို့နိုင်မည် ဖြစ်ကြောင်း သိရသည်။

**ပြောကြား**

ယင်းတွေ့ရှိချက်များကို မိုးလေဝသ ဂျာနယ်တွင် ရေးသားဖော်ပြထားသည်။ ဂြိုဟ်တုမှပေးပို့သည့် အဆိုပါ အချက်အလက်များကိုကြည့်၍ တောမီးလောင်ကျွမ်းမှုကို ခန့်မှန်းနိုင်မည်ဖြစ်ကြောင်း ကာလီဖိုးနီးယားတက္ကသိုလ်မှ သုတေသနပညာရှင် ဒါရောဘတ်က ပြောကြားသည်။

**(အင်တာနက်)**

# တရုတ်နိုင်ငံ၌ ယာဉ်တိုက်မှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး

**ဟန်ကျိုး ဒီဇင်ဘာ ၂၅**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ဂန်ဆုပြည်နယ်တွင် ဒီဇင်ဘာ ၂၂ ရက်က မီနီဘတ်စ်ကားတစ်စီးနှင့် ထရပ်ကားတစ်စီးတို့တိုက်မိရာ ရှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ဂန်ဆုပြည်နယ်ရှိ အဝေးပြေးလမ်းမပေါ်တွင် ညနေ ၄ နာရီမိနစ်၂၀ က ထရပ်ကားတစ်စီးအား နောက်မှနေ၍ ခရီးသည်၁၅ဦး စီးနင်းလိုက်ပါလာသော မီနီဘတ်စ်ကားက ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ခရီးသည်ခြောက်ဦးမှာ မီနီဘတ်စ် ကားပေါ်တွင် သေဆုံးခဲ့ပြီး နှစ်ဦးမှာ ဆေးရုံသို့အသွားတွင် သေဆုံးခဲ့သည်။ ဒဏ်ရာရရှိသူများမှာ မီနီဘတ်စ်ကားပေါ်မှ ခရီးသည်များ ဖြစ်ကြသည်။ စုံစမ်း စစ်ဆေးမှုများအရ မတော်တဆ ဖြစ်ရပ်ဖြစ်ကြောင်း သိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**




# သံလွင်ဆီ စားသုံးမှု ကင်ဆာရောဂါကို ကာကွယ်နိုင်

**ဒိန်းမတ် ဒီဇင်ဘာ ၂၅**

သံလွင်ဆီကိုစားသုံးခြင်းသည် ကင်ဆာဆဲလ်များကို သေစေနိုင်ကြောင်း ဒိန်းမတ်နိုင်ငံမှ ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

**ဖျက်ဆီးပစ်**

အဆိုပါ အချက်ကို သံလွင်ဆီ တစ်နေ့ ၂၅ မီလီလီတာ စားသုံးသော ဥရောပတိုက်သား ၁၈၂ ဦးအား လေ့လာခဲ့ရာ ကင်ဆာဆဲလ်များကို ဖျက်ဆီးပစ်သည်ကို တွေ့ရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

**ပိုများနေ**

ကင်ဆာရောဂါဖြစ်ပွားမှု အများဆုံးမှာ ဥရောပတောင်ပိုင်းထက် မြောက်ပိုင်းက ပိုများကြောင်း၊ တောင်ပိုင်းဒေသမှာ သံလွင်ဆီ စားသုံးမှု ပိုမိုကြောင်း ဒိန်းမတ်နိုင်ငံမှ လေ့လာရေးအဖွဲ့က ပြောကြားသည်။

**လေ့လာခဲ့**

ယင်းသုတေသနပြုလုပ်မှုကို ကိုပင်ဟောဂင်ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များက ဥရောပငါးနိုင်ငံမှ အသက် ၂၀မှ ၆၀အကြား အမျိုးသား ၁၈၂ဦးအား လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**

# ထိုင်း–လာအို နှစ်နိုင်ငံအကြား ချစ်ကြည်ရေးတံတားဖွင့်

ဗန်ကောက် ဒီဇင်ဘာ ၂၄

**ဒုတိယမြောက်တည်ဆောက်သည့် ထိုင်း–လာအို ချစ်ကြည်ရေးတံတားကို ဒီဇင်ဘာ၂၀ရက်တွင် တရားဝင်ဖွင့်လှစ်လိုက်သည်။ ယင်းတံတားသည် ထိုင်းနိုင်ငံ မူဒါဟန်ပြည်နယ်နှင့် လာအိုနိုင်ငံ ဆာဗန်နာခက်ပြည်နယ်တို့ကို ဆက်သွယ်ထားသည်။**

**ထုတ်ပြန်**

ထိုင်းနိုင်ငံ မင်းသမီး မဟာချက်ကရီသီရိဒွန်နှင့် လာအိုနိုင်ငံ ဒုတိယသမ္မတ ဘွန်ညံဗိုရာချစ်တို့က နှစ်နိုင်ငံမှ ဝန်ကြီးချုပ်များနှင့် သံတမန်များ၏ ရှေ့မှောက်တွင် တံတားကိုဖွင့်လှစ်ပေးလိုက်ကြောင်း၊ အသိသက်သေအဖြစ် ဆောင်ရွက်ကြောင်း ထိုင်းသတင်းဌာနက ထုတ်ပြန်သည်။ အဆိုပါတံတားကို ၂၀၀၄ခုနှစ် မတ် ၂၁ရက်တွင်စတင်တည်ဆောက်ခဲ့သည်။

**နှစ်လမ်းသွားတံတား**

တံတားမှာ မီတာ ၁၆၀၀ရှည်ပြီး အကျယ် ၁၂မီတာရှိ၍ နှစ်လမ်းသွားတံတားဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဆီးနှင်းကျဆင်း

**အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ် ဒန်ဗာရှိ လမ်းတစ်လမ်းပေါ်တွင် ဆီးနှင်းများအတွင်း မော်တော်ကားများ နစ်မြုပ်နေသည်ကို ဒီဇင်ဘာ ၂၂ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ–အင်တာနက်)



# အီရန်၏နိုင်ငံခြားသီးသန့်ရန်ပုံငွေ ဒေါ်လာမှယူရိုသို့ပြောင်းသုံးစွဲမည်

**တီဟီရန် ဒီဇင်ဘာ ၂၅**

အီရန်နိုင်ငံက ၎င်း၏စီးပွားရေးအပေါ် အမေရိကန်ဦးဆောင်သည့် နိုင်ငံများက ဖိအားပေးလာမှုကို တုံ့ပြန်သည့်အနေဖြင့် ၎င်း၏နိုင်ငံခြား သီးသန့်ရန်ပုံငွေကို ဒေါ်လာမှ ယူရိုသို့ လဲလှယ်သိုမှီးပြီး ရေနံအရောင်းအဝယ်တွင် ယူရိုငွေကို သုံးစွဲတော့မည်ဟုဆိုသည်။

**ကြေညာ**

အနာဂတ်ပင်လယ်ရပ်ခြား အရောင်းအဝယ်ကိစ္စအားလုံးတွင် အီရန်နိုင်ငံက ယူရိုငွေကိုသာ အသုံးပြုမည်ဖြစ်ကြောင်း အီရန်အစိုးရက ကြေညာသည်။

**ကြိုးပမ်း**

အီရန်အစိုးရသည် အကြမ်းဖက်မှုကို ထောက်ခံနေပြီး နျူကလီးယားလက်နက်ထုတ်လုပ်ရေး ကြိုးပမ်းနေသည်ဟု အမေရိကန်ကစွပ်စွဲပြီး အီရန်နိုင်ငံသို့ ဒေါ်လာငွေစီးဝင်မှုကို ကန့်သတ်ရန် ကြိုးပမ်းသည်ဟုဆိုသည်။

**လိုလား**

အီရန်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေးယူပိတ်ပင်ရန် အမေရိကန်နိုင်ငံက လိုလားသည်။

**ပြောင်းလဲ**

အီရန်အစိုးရသည် ၂၀၀၃ခုနှစ်ကပင် ဒေါ်လာမှယူရိုသို့ တစ်စတစ်စ ပြောင်းလဲသုံးစွဲလာပြီး တနင်္လာနေ့က ထုတ်ဖော်ကြေညာခြင်းကြောင့် မကြာမီလကပင် တန်ဖိုးကျနေသည့် ဒေါ်လာဈေးကိုမထိခိုက်ဟု ဆန်းစစ်ဝေဖန်သူများက ပြောဆိုသည်။ **(အင်တာနက်)**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်တို့ ရွှေတောင်မြို့ နွားခြံကုန်းကျေးရွာအုပ်စု စပါးခွဲလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

## ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပဲခူးတိုင်း(အနောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၅

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့်အတူ ဒီဇင်ဘာ၂၂ရက် ညနေပိုင်းက သာယာဝတီမြို့ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန၏ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက်သည်။**

အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိ ရပ်ဖများ၊ ကျောင်းသား ကျောင်းသူများနှင့် တိုင်း/ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်းသား အသင်းသူများ တက်ရောက်ကြပြီး ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက အသင်းဝင်အဆိုပြု လွှာ ၂၂၁ စောင်ကို ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက လက်ခံပြီး ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေနှင့်စာအုပ်စာတမ်းများကို ပြန်လည်ပေးအပ်သည်။

### အဆိုပြုလွှာပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် သဲကုန်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ကျင်းပသော အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး အသင်းဝင်အဆိုပြုလွှာ အစောင်၅၅၀ကို လက်ခံရယူကာ အသင်း၏ ရုံးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် ကွန်ပျူတာတစ်စုံနှင့် အလှူငွေများကို ပြန်လည်ပေးအပ်လှူဒါန်းသည်။

### ချောင်းကူးတံတားဖွင့်ပွဲတက်ရောက်

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် ဒီဇင်ဘာ၂၃ရက် နံနက်ပိုင်းက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သော ပြည်မြို့ ပြည်သာယာရပ်ကွက်ရှိ လော့သော် ချောင်းကူးတံတားဖွင့်ပွဲသို့ တက်ရောက် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌတို့သည် ရွှေတောင်မြို့ နွားခြံကုန်းကျေး ရွာအုပ်စု၌ ကျင်းပသော စပါးခွံ လောင်စာသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

### အဆိုပြုလွှာလက်ခံ

ထို့နောက် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး အဆိုပြုလွှာ အစောင် ၃၂၄၀ကို လက်ခံသည်။

ယင်းနောက် ဗဟိုအလုပ် အမှုဆောင် ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၄ရက်တွင် မြန်အောင်မြို့နယ် ထန်းသုံးပင်ကျေးရွာ အရိယာရာမ ဘုန်းတော်ကြီးကျောင်း ကျောင်းဆောင်သစ် အုတ်မြစ်ချ မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သတ်မှတ်နေရာ၌အုတ်မြစ်ချပေးသည်။

### အလှူငွေပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် ထန်းသုံးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ငွေရတု အထိမ်းအမှတ် ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်၍ မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အထိမ်းအမှတ် ရေစင်သစ်နှင့် ကျောင်းဆောင်သစ်ဖွင့်ပွဲများကို ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး တက်ရောက်အားပေးသည်။ ယင်းနောက် ကျင်းပသော ငွေရတု သဘင်အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားကာ ငွေပဒေသာပင်စိုက်ထူရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် မြန်အောင်မြို့ ကညင်ငူကျေးရွာ တွဲဖက်အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းအုပ်ဆရာကြီးနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များအားတွေ့ဆုံ၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အင်ပင်ကျေးရွာအုပ်စု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကား ပြောကြားကာ မြို့နယ်၏တင်ပြချက်များအပေါ် ပြန်လည်ဖြေရှင်း ဆောင်ရွက်ပေးသည်။

### အလှူငွေပြန်လည်ပေးအပ်

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးသည် လက်ပံကွင်းကျေးရွာ တွဲဖက်အခြေခံ ပညာ အထက်တန်းကျောင်း၌ ကျင်းပသော အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး အသင်းဝင် အဆိုပြုလွှာများကို လက်ခံကာ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေများကို ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း စတုတ္ထအကြိမ် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဒီဇင်ဘာ၁၆ရက် နံနက် ၁၀နာရီက ဒဂုံမြို့နယ် အလုံလမ်းရှိ ဆန်းမစ်ပတ်ဗျူးဟိုတယ်၌ ကျင်းပသည်။

### တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဗဟိုအမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ဧည့်သည်တော်များနှင့် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်းမှ အသင်းဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာသဘာပတိ မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီ ရွှေသန့်လုပ်ငန်း)က အဖွင့်အမှာစကားပြောကြားသည်။

### အတည်ပြု

ထို့နောက်အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်)က အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်း ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြရာ အသင်းဝင်များက အတည်ပြုကြသည်။

### ဖတ်ကြား

ယင်းနောက် အခမ်းအနားမှူးက မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း နာယကအဖွဲ့နှင့် အသင်းဥက္ကဋ္ဌ ဦးသူတော်(အကယ်ဒမီ ရွှေသန့်လုပ်ငန်း)၊ အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံ ရွှေပန်းထိမ်ရွှေဆိုင်)တို့ အပါအဝင် အလုပ်အမှုဆောင် ၂၁ဦး ပါဝင်သည့် ၂၀၀၇–၂၀၀၈ခုနှစ်အတွက် အသင်းအမှုဆောင်များစာရင်းကို ဖတ်ကြားသည်။

ထို့နောက် အသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## သံတွဲခရိုင်အသင်း မိတ်ဆုံစားပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

သံတွဲခရိုင်အသင်း (ဂွ–တောင်ကုတ်– သံတွဲ) မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၃၁ ရက်(တနင်္ဂနွေနေ့) နံနက်၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ကန်တော်မင်္ဂလာပန်းခြံ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် အသင်းမဝင်ရသေးသည့် ခရိုင်သူခရိုင်သားများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်းသိရသည်။

မိတ်ဆုံစားပွဲတွင် ရခိုင်မုန့်တီ၊ ဒေသထမင်းဟင်းလျာတို့ဖြင့် ဧည့်ခံကျွေးမွေးပြီး ဒေသထွက်စားသောက်ဖွယ်ရာများကို ဝယ်ယူသုံးဆောင်နိုင်သည့် အစီအစဉ်နှင့် ကာရာအိုကေ အစီအစဉ်များပါရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ငှက်ဆိုးထိုးသံ ဒို့လက်မခံ

မြန်မာပြည်သား
တိုင်းကားပြည်ကျိုး
အားကြိုးမာန်တက်
ဆောင်ရွက်နေ့ည
လုံ့လနှင့်ဖွဲ
ခက်ခဲကျော်လွှား
ဆည်များကျောင်းကန်
မိုးပျံတိုက်ခန်း
လေလမ်းလေဆိပ်
ကားဂိတ်များဆောက်
ထက်အောက်ပြည့်ခွင်
အားအင်ဖြည့်စွက်
အိပ်စက်နားနေ
တက်နေအခါ
သာယာမြူးကြွ
စိတ်ချမ်းသာလျက်
နိုးကြားလာသည့်
နံနက်ခင်းမှာ
စိတ်ယုတ်မာဖြင့်
ပိသုဏာနှင့်
တစ်ဖြာသမ္ဖပ္ပလာပ
ညစ်ပလီဆိုး
ပင်–မသန်ဘဲ
မှန် မထွက်သည့်
သံကြောင်သံသေး
ခွေးအ–လှည်းနင်း
သတင်းဖျက်သည့်
ဘီဘီစီနှင့်
အာရ်အက်ဖ်အေ
မီဒီယာမျိုး
မနာခံဘဲ
လက်ကိုင်ထားပြီး
မြဲသတိဖြင့်
မာန်ကိုသွေး၍
ဦးထိပ်ထားကာ
ဇာနည်စိတ်ထား
အားမာန်တင်းလျက်
ရန်ဟူသမျှကို
အောင်မြင်ရန်
လူအများတို့
လွန်သယ်ပိုး၍
စီမံချက်ဖြင့်
မအားရအောင်
တူစုံတွဲလျက်
လမ်းတံတားနှင့်
စေတီရာမ်ပြင်
ဈေးတိုက်ခန်းနှင့်
သင်္ဘောဆိပ်များ
အံ့သြလောက်အောင်
အလှဆင်၍
လွန်ညဉ့်နက်မှ
အပန်းဖြေပြီး
ကျက်သရေဖြာ၍
ရွှင်ပျကျန်းမာ
မေတ္တာပွားကာ
မင်္ဂလာပျံ့သင်း
ခံပြင်းစရာ
မုသာဝါဒ
ဖရုသဝါစာ
လေးဝ ဝစီ
မျိုးရိုးမမှန်
ဆင်ကြံကြံလျက်
အဖျက်ထိပ်ခေါင်
သံလှေးသံအ
လုပ်ဇာတ်ခင်းလျက်
လက်သစ်ကိုလိုနီ
ဒီဗွီဘီ–စွက်
ဗွီအိုအေ–မှီ
ငှက်ဆိုးထိုးသံ
အမှန်တရား
နိုးကြားအသိ
သတ္တိကိုမွေး
အရေးသုံးပါး
မြန်မာပီပီ
စွမ်းရည်များသွင်း
ပြည်တွင်းပြည်ပ
လုံးဝမကျန်
တွန်းလှန်တိုက်ထုတ်ကြပါစို့။ ။

**ရွှေခြီ–မွေးကြိုင်(ဥပဒေ)**

## သွေးအတွင်းဗီတာမင် ‘ဒီ’ အချိုးအဆများများရှိမှု နာတာရှည်အာရုံကြောရောဂါဖြစ်ရန်အခွင့်အလမ်းနည်းပါး

**လူ့ခန္ဓာကိုယ်မှ သွေးထဲတွင် ဗီတာမင် ‘ဒီ’များများရှိလျှင် နာတာရှည်အာရုံကြောရောဂါ (အမ်အက်စ်)ဖြစ်ရန် အလားအလာများစွာနည်းကောင်းနည်းနိုင်သည်ဟု သုတေသီများက သုံးသပ်သည်။**

**ဗီတာမင်‘ဒီ’သည် ရောဂါအကာအကွယ်ပေးသည့် အကျိုးသက်ရောက်မှုရှိကောင်းရှိနိုင်သည်ဟု ယခင်လေ့လာတွေ့ရှိချက်များကဆိုသည်။ သို့သော် ထိုသက်သေအထောက်အထားမှာ မရေရာပေ။**

**ဟားဗတ်ပြည်သူ့ကျန်းမာရေးကျောင်းမှ သုတေသီတစ်စုက အမေရိကန်တပ်ဖွဲ့ဝင်အများအပြား၏ သွေးထဲမှ ဗီတာမင် ‘ဒီ’ ပါဝင်မှုကို တိုင်းတာလေ့လာကြည့်သည်။ အမေရိကန်ကာကွယ်ရေးဌာနသို့ တပ်ဖွဲ့ဝင် ခုနစ်သန်းကျော်တို့ကပေးသည့်သွေးနမူနာများကို သုတေသီများက လေ့လာစူးစမ်းကြည့်စဉ် သွေးအတွင်း၌ ဗီတာမင်‘ဒီ’ အများအပြားပါဝင်ခြင်းဖြင့် နာတာရှည်အာရုံကြောရောဂါ(အမ်အက်စ်)ဖြစ်ရန် အခွင့်အလမ်းနည်းကြောင်းတွေ့ရှိသည်။ သို့ဖြင့် သွေးထဲသို့ ဗီတာမင်‘ဒီ’ ထည့်ပေးခြင်းဖြင့် အမ်အက်စ်ရောဂါကို ကာကွယ်နိုင်မည်ဟု ယုံကြည်ရသည်ဆို၏။** (ကိုးကား–အင်တာနက်)

## အင်တာနက် သတင်းနှင့်ဓာတ်ပုံ



# မီးလောင်သည်နှင့်တစ်ပြိုင်နက် မီးသတ်ကိုချက်ချင်းအကြောင်းကြားစေလို မီးသတ်ယာဉ်များအချိန်မီရောက်မှသာ ဆောလျင်စွာငြိမ်းသတ်နိုင်မှာဖြစ်



"စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်၊ ကျွမ်းကျင်မှုအတတ်ပညာများနဲ့ ပြည်သူကို ကာကွယ်ပေးဖို့ အသင့်ရှိပါတယ်"

**ရဲဗလဦးကိုကိုလှိုင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မီးသတ်ဦးစီးဌာန**

✡ *ကျော်ဖုံးမှ*

မီးဘေးရှောင် မလောင်ခင်ကတား၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်၊ မီးသတိပြုပါ ဟူသော ဆောင်ပုဒ်များနှင့်အညီ ပြည်သူများအား မီးဘေးကြိုတင်ကာကွယ်မှုလုပ်ငန်းများ အသိပေးတင်ပြရန် မြန်မာ့အလင်း သတင်းအဖွဲ့က မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်တည်ရှိရာ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းသို့ သွားရောက်ခဲ့ပါသည်။

## အဓိကတာဝန်

ရှေးဦးစွာ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ရဲဗလ ဦးကိုကိုလှိုင်က ပြောကြားရာတွင် "မီးသတ်ဦးစီးဌာနအနေဖြင့် အဓိကတာဝန်ကြီး(၅)ရပ်နှင့် မီးသတ်လုပ်ငန်းစဉ်ကြီး(၇)ရပ်ဖြင့် ပြည်သူတို့အား ကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်၊ အဓိကတာဝန်ငါးရပ်ကတော့ မီးဘေးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးလုပ်ငန်းများ ပါဝင်လုပ်ဆောင်ရေးနှင့် နိုင်ငံတော် အေးချမ်းသာယာရေး၏ တိုးချဲ့ဖွဲ့စည်းနှင့် လေ့ကျင့်ရေး၊ ပြည်နယ်နှင့်တိုင်း မြို့နယ်အလိုက် မီးဘေးကာကွယ်ရေးနှင့် တားဆီးရေးကို စီမံချက်များအရ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်း၊ မြို့နယ် အာဏာပိုင်အဖွဲ့များ၏ အကူအညီဖြင့် စက်ရုံ၊အလုပ်ရုံများ အပါအဝင် မီးဘေးကာကွယ်ရေး



"ဘေးအန္တရာယ်ဆိုရင် ဘယ်ဘေးအန္တရာယ်ကိုမှ မကြုံစေချင်ပါဘူး၊ ကြုံခဲ့ရင်လဲ မီးသတ်တပ်ဖွဲ့ဝင်တွေကို သတိရပါ"

**ဦးကျော်မင်း**
**လက်ထောက်ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန**

အရန်အင်အားအဖြစ် ဖွဲ့စည်းလေ့ကျင့်တည်ဆောက်ရေး ဆိုတာတွေပဲဖြစ်ပါတယ်"ဟူ၍ ပဏာမပြောကြားသည်။

ဒါ့အပြင် မီးသတ်လုပ်ငန်းစဉ်ကြီး (၇)ရပ်ကတော့ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သုံးရပ်ဖြစ်သော မီးသတ်စွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည် ထက်မြက်ရေး၊ မီးသတ်စက်ယာဉ်နှင့် ပစ္စည်းကိရိယာများ မွမ်းမံရေး၊ ကြံ့ခိုင်ရေးနှင့် အသင့်ရှိရေး၊ မီးဘေး ကာကွယ်ရေးအတွက် ရေလုံလောက်စွာရရှိရေး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပြန်လည်စိစစ်ရေး၊ နှင့် တားဆီးကာကွယ်ရေးအတွက် စစ်ဆေး၍ ပြည်နယ်နှင့်တိုင်း မြို့နယ် အာဏာပိုင်အဖွဲ့များသို့ အကြံပေးတင်ပြကြရေး၊ နိုင်ငံတော် အေးချမ်းသာယာရေး၏ အရန်အင်အားအဖြစ် ဖွဲ့စည်းလေ့ကျင့်တည်ဆောက်သွားရေး တို့ပဲဖြစ်ပါတယ်ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

## ရင်ဆိုင်ဖြေရှင်းနိုင်

"မိမိတို့ အနေဖြင့် နောက်တစ်ချက်ပြောလိုတာကတော့ အထပ်မြင့် အဆောက်အအုံများ ဆောက်တဲ့ အခါမှာ မီးသတ်ဦးစီးဌာနက ဆောင်ရွက်နေတဲ့ မီးဘေးလုံခြုံမှုနှင့် အရေးပေါ်လွတ်မြောက်မှုဆိုင်ရာ အချက်အလက်များအတိုင်း တည်ဆောက်စေလိုပါတယ်။ ဒါမှလည်း တကယ်တမ်း မီးဘေးကြုံတဲ့အခါမှာ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ဖို့ လွယ်ကူစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ မီးသတ်ဦးဌာနက စံအဖြစ်သတ်မှတ်ထားတဲ့ တံခါးပေါက်၊ လှေခါး၊ အရေးပေါ်ထွက်ပေါက် စတာတွေပြည့်စုံအောင် ဆောင်ရွက်သွားစေလိုပါတယ်။

နောက်ဆုံး တစ်ချက်ကတော့ တိုးတက်များပြားလာတဲ့ လူဦးရေ အနေအထားအရ လူနေရပ်ကွက်များ အတွင်း မီးဘေးအန္တရာယ်ရှိတဲ့လုပ်ငန်းတွေကို သတ်မှတ်ထားတဲ့ စက်မှုဇုန်တွေမှာသာ လုပ်ဆောင်သွားရန်သင့်ကြောင်း အကြံပြုလိုပါတယ်" ဟု ဦးကိုကိုလှိုင်က ဆက်လက်ရှင်းပြသည်။



"မီးသတ်တပ်ဖွဲ့ဝင်တိုင်းဟာ မီးအန္တရာယ်ကို ရှောင်လွှဲလို့မရပါဘူး။ အမြဲတမ်း မီးအန္တရာယ်ကို စိန်ခေါ်နေသူများဖြစ်ပါတယ်"

**ဦးဇော်ဝင်း**
**ညွှန်ကြားရေးမှူး၊ မီးသတ်ဦးစီးဌာန**

## အမြဲသတိရှိရန်လို

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းက ပြောကြားရာတွင် "ယခင်က မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မီးငြိမ်းသတ်ရေးနှင့် ကယ်ဆယ်ရေး လုပ်ငန်းတွေလောက်သာ လုပ်ကိုင်ဆောင်ရွက်ရသော်လည်း ဒီဘက်ခေတ်မှာ တိုးတက်ပြောင်းလဲလာမှုနဲ့အတူ မီးဘေးအန္တရာယ်ကို ပိုမို၍ စိန်ခေါ်မှုများ ရှိလာပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်စနစ်နှင့်အညီ လျှပ်စစ်သုံးစွဲမှုတွေ များလာတယ်၊ ဒီကတစ်ဆင့် မမျှော်မှန်းနိုင်တဲ့ မီးဘေးအန္တရာယ်၊ မီးခိုးအန္တရာယ်တွေ ကြုံတွေ့နေရပါတယ်။ ဒီအတွက် ပြည်သူတွေအနေဖြင့် ဘယ်လို မီးလောင်မှုမျိုးမှ မဖြစ်ပွားအောင် မီးသတိဆိုတဲ့ အသိကို အမြဲသတိရှိဖို့ လိုပါတယ်"ဟု ပြောကြားသည်။

"နောက်တစ်ခုက မီးသုံးစွဲတဲ့အိမ်တိုင်း၊ နေရာတိုင်းမှာ မီးသတ်ဆေးဘူး ထားသင့်ပါတယ်။ မော်တော်ကားတိုင်းမှာလည်း မီးသတ်ဆေးဘူး ရှိသင့်ပါတယ်။ ဒီမီးသတ်ဆေးဘူးဟာ မီးအန္တရာယ်မကြီးထွားခင်မှာ မီးတောက်ကို ငြိမ်းသတ်နိုင်တဲ့ လက်နက်ကောင်းတစ်ခုပါ။

## တတိယလူ

မီးသတ်တပ်ဖွဲ့ဝင်တွေဟာ မီးလောင်မှုဖြစ်ပွားတဲ့ ဖြစ်စဉ်တစ်ခုမှာ တတိယလူ ဖြစ်နေပါတယ်။ ပထမလူဟာ မီးလောင်မှုကို သိတဲ့လူပါ။ အဲဒုတိယကတော့ မီးဟော့-မီးဟော့လို့ အော်ကြတဲ့သူတွေပါ။ အဲဒီအချိန်မှာ ရောက်လာတဲ့သူကတော့ တတိယလူ မီးသတ်တပ်ဖွဲ့ဝင်တွေဖြစ်နေပါတယ်။ ဆိုလိုတာကတော့ မီးလောင်တာနဲ့ မီးသတ်ကို ချက်ချင်းအကြောင်းကြားစေလိုပါတယ်။ ဒါမှလဲ မီးသတ်ယာဉ်တွေဟာ အချိန်မီရောက်လာပြီး မီးအန္တရာယ်ကို လွယ်ကူ လျင်မြန်စွာ ငြိမ်းသတ်နိုင်မှာ ဖြစ်ပါတယ်" ဟု မြန်မာ့အလင်းသို့ ဦးဇော်ဝင်းက ဆက်လက် ပြောကြားသည်။

"မီးသတ်ဦးစီးဌာနက မီးငြိမ်းသတ်တဲ့ တာဝန်တွေအပြင် သဘာဝဘေးအန္တရာယ်တွေ၊ လူကြောင့်ဖြစ်ရတဲ့ မတော်တဆ ထိခိုက်မှုတွေမှာလည်း လုပ်ကိုင်ကူညီ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သဘာဝ ဘေးအန္တရာယ်ဖြစ်တဲ့ မုန်တိုင်းတိုက်ခတ်မှု၊ မြေငလျင် လှုပ်ခတ်မှု၊ ရေကြီးမှု၊ ဆူနာမီ ဒီလှိုင်းဖြစ်ပေါ်မှု၊ တောမီးလောင်မှု၊ ရေကာတာများကျိုးပေါက်မှု စတာတွေနဲ့ လူကြောင့်ဖြစ်ရတဲ့ ကားတိုက်မှု၊ မီးလောင်မှုတွေ၊ တိုက်ပြိုမှုတွေ ရှိခဲ့ရင်လည်း မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပေးနေပါတယ်။ အဲဒီလို သဘာဝဘေးအန္တရာယ်တွေ မတော်တဆဖြစ်စဉ်တွေ ကြုံတဲ့အခါ ကူညီနိုင်ရန်လည်း မီးသတ်တပ်ဖွဲ့ဝင်တွေက နည်းပညာနှင့် အသုံးပြုနိုင်တဲ့ စက်ကိရိယာတွေ ရှိပါတယ်။ ဒီကိရိယာတွေနဲ့ ကယ်တင်မှုတွေလုပ်လိုက်မယ်ဆိုရင် မိနစ်ပိုင်းအတွင်းမှာ ကယ်တင်မှုပြုလုပ်ပေးနိုင်မှာဖြစ်ပါတယ်။

## စစ်ဆေးမှုပြုလုပ်

ဒါ့အပြင် မီးသတ်ဦးစီးဌာနက "ဟိုတယ်၊ မိုတယ်တွေနှင့် မြန်မာနိုင်ငံပိုင် သင်္ဘောတွေပေါ်မှာလဲ မီးဘေးလုံခြုံရေး စစ်ဆေးမှုတွေပြုလုပ်ပေးနေပါတယ်။ ဒီအတွက်ကြောင့်လဲ ပြည်ပမှာ ပေးဆောင်ရမယ့် ထွက်ငွေကို နိုင်ငံတော်အတွက် ရှာပေးနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တစ်ဖန် မီးသတ်ဦးစီးဌာနမှ ရဲကျော်သူရဲဗလရဲသူရ ဦးကျော်မင်းက ပြောကြားရာတွင် "အသက်ကယ်လုပ်ငန်းဆိုတာ အန္တရာယ်စက်ကွင်းအတွင်းဝင်ရောက်လုပ်ကိုင်ရတဲ့အတွက် အန္တရာယ် အရမ်းများပါတယ်။ ဘေးအန္တရာယ် တစ်စုံတစ်ရာကို ကိုယ်တိုင်လဲ မကြုံတွေ့ချင်သလို မိဘပြည်သူများကိုလဲ မကြုံတွေ့စေချင်ပါဘူး။ မမျှော်မှန်းနိုင်တဲ့ အခြေအနေ တစ်ရပ်ရပ်ကြောင့် အသက်ဘေးအန္တရာယ်ကြုံတွေ့နေတဲ့ ပြည်သူတစ်ဦးဦး ရှိတယ်ဆိုရင် အသက်ကယ် တပ်ဖွဲ့ဝင်တွေဟာ စွန့်လွှတ်စွန့်စားစိတ်နဲ့ မရ ရအောင် ကယ်တင်ပေးချင်ပါတယ်။ ဒီလို ကြုံလာရင်လဲ ကျွန်တော့်ရဲ့ အီးမေးလ်ဖြစ်တဲ့ e-mail: kyawminn 0218@ yahoo.com ကို အမြန်ဆုံး ဆက်သွယ်စေလိုပါတယ်"ဟု ပြောကြားသည်။

## ၂၄နာရီအသင့်

"ဒီလိုကယ်တင်လိုက်လို့ လူတစ်ဦးတစ်ယောက်ရဲ့ အသက်ကို ကယ်တင်လိုက်နိုင်တယ်ဆိုရင် ကျွန်တော်တို့ရဲ့ ကြိုးပမ်းအားထုတ်မှု ပါဝင်နေတဲ့အတွက် စဉ်းစားလိုက်တိုင်း ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ အသက်ကယ် မီးသတ်တပ်ဖွဲ့ဝင်တွေဟာ ပြည်သူတွေကို ကူညီဖို့ ၂၄နာရီအသင့်ရှိပါတယ်"ဟု ဦးကျော်မင်းက မြန်မာ့အလင်းသို့ ဆက်လက်ပြောကြားသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးဘေးအန္တရာယ်ကြုံတွေ့သည်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များ ကြုံကြိုက်ခဲ့သည်ဖြစ်စေ ပြည်သူတွေအတွက် စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်၊ ကျွမ်းကျင်မှု နည်းပညာများဖြင့် ကူညီပေးနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**(မြန်မာ့အလင်း)**

---

## ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသူ ကျောင်းသားဟောင်းများ ၁၉၇၆-၁၉၈၂၏ အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၆ရက် (စနေနေ့) မွန်းလွဲ၁နာရီတွင် အာစရိယပူဇော်ပွဲနှင့် ည၆နာရီခွဲတွင် မိတ်ဆုံစားပွဲကို ဝါးတန်းလမ်း ပင်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်သဖြင့် ကျောင်းသူ ကျောင်းသားဟောင်းများ တက်ရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

---

## အထက သုဝဏ္ဏ ကျောင်းသား ကျောင်းသူဟောင်းများ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်အရှေ့ပိုင်းခရိုင်သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ)၏ ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အသက်၆၀ပြည့်ပြီး (အငြိမ်းစား) ဆရာ ဆရာမကြီးများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

### လှူဒါန်းနိုင်

အထက သုဝဏ္ဏ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဦးထွန်းမင်း (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၃၆၆၇၊ ဦးစိုးပိုင် ဖုန်း-၅၇၀၄၄၀၊ ဒေါ်ရီရီမြင့် ဖုန်း-၅၆၅၂၄၇၊ ဦးဥက္ကာအေး ဖုန်း-၀၉-၅၁-၄၄၀၂၃ တို့သို့ အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

### ညစာစားပွဲ

ပဉ္စမအကြိမ် အာစရိယပူဇော်ပွဲ အထိမ်းအမှတ် မိတ်ဆုံညစာစားပွဲကို အဆိုပါနေ့ ညနေ၅နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏအနီး စကိတ်ကွင်းရှိ Giory Garden Restaurant ၌ ကျင်းပမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

---

## ရွှေဘုန်းပွင့်စေတီလမ်း ကျောက်ခင်းရန်ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

လှည်းကူးမြို့မှ ကံကော်ကျွန်းတောရရိပ်သာကျောင်းတိုက် မဟာသတ္တဌာနဘုရားများနှင့် ရှေးဟောင်းသမိုင်းဝင်ရွှေဘုန်းပွင့်စေတီကုန်းမြေအရောက် နှစ်မိုင်ရှိသော မြေသားလမ်းကို ကျောက်ခင်းရန်အတွက် ဒေါ်အေးမွန်စိုး၏ မွေးနေ့အလှူ ရန်ကုန်မြို့က ငွေကျပ်၄၃၀၀၀၊ ဦးမြသန်း-ဒေါ်တင်ဝင်း ၃၃ ဇီဇဝါလမ်း ပုဇွန်တောင်က ငွေကျပ်၁၀၀၀၀၊ ဦးအေးကြီး-ဒေါ်အေးမွန်ဝင်း၊ သမီး မဒေဝီ၊ မသန္တာစိုး၊ မသီသီမာ သင်္ဃန်းကျွန်းက ငွေကျပ်၁၀၀၀၀၊ဦးလှမြ-ဒေါ်ဒေစီသွင်၊ သား ဦးခိုင်စိုး၊ မြေး မဝင့်ဖြူနွေး (၄)ရပ်ကွက် မရမ်းကုန်းမြို့နယ်က ငွေကျပ် ၂၁၀၀၀၊ ကိုစန်းလွင်-မချိုချိုသန်း အမှတ်၈၄၀(၁၃)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်က ငွေကျပ် ၁၀၀၀၀၊ ဦးမြင့်နိုင်ထွန်း- ဒေါ်ခင်သူဇာ၊ သား သူရထွန်း၊ သမီး သုပြည့်ထွန်း အမှတ် ၄၄(ဒုထပ်) ၃၈ လမ်း ကျောက်တံတားမြို့နယ်က ငွေကျပ်၁၀၀၀၀တို့ကို ပဓာနနာယကဆရာတော်အား လာရောက်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် ဦးအံ့ကူး ဖုန်း-၀၉-၅၀-၀၁၀၈၀၊ ၅၄၂၀၇၉၊ ဦးဖိုးလမင်း ဖုန်း-၀၉-၅၁-၇၇၇၂၉၊ ဦးလှသိန်းကျော် ဖုန်း-၅၄၂၇၇၁နှင့် ဦးစောမောင်-ဒေါ်လှလှ ဖုန်း-၆၂၉၁၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။**(က-ပ)**

---

● *ကျော်ဖုံးမှ*

### တိုးတက်ထုတ်လုပ်

ယင်းနောက် ဝန်ကြီးက စက်ပစ္စည်းများအား သယ်ယူပို့ဆောင်ရာတွင် ပျက်စီးထိခိုက်မှု မရှိစေရန် စနစ်တကျဆောင်ရွက်ရေး၊ အရည်အသွေးမီ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ သုတေသနနှင့် တီထွင်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရေး၊ စက်ပစ္စည်း အမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ(ဆင်တဲ)သို့ သွားရောက်စစ်ဆေးရာ စက်ရုံ အထွေထွေမန်နေဂျာ ဦးခင်ဇော်က တပ်ဆင်ရေးအလုပ်ရုံ၌ KND5B ရေစုပ်စက်များနှင့် ဧရာ-၁ လက်တွန်းထွန်စက်များ တပ်ဆင်ထုတ်လုပ်နေမှုများနှင့် စက်ရုံမှ ထုတ်လုပ်သည့် သုံးသွားပါဝါထယ်များကိုလည်းကောင်း၊ သံရည်ကျိုအလုပ်ရုံ၌ စက်အစိတ်အပိုင်းအမျိုးမျိုး သံရည်ကျိုသွန်းလောင်းနေမှုများ၊ သံရည်သွန်းလောင်းရန် မိုနှင့်ပုံစံများ ကြိုတင်ပြင်ဆင်နေမှုများ၊ သွန်းလောင်းပြီး သံထည်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

### ဆောလျင်စွာဖြန့်ဖြူး

ထို့နောက် ဝန်ကြီးက သွန်းလောင်း သံထည်ပစ္စည်းများကို လျာထားချက် ပြည့်မီထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ စက်အစိတ်အပိုင်းများနှင့် ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက် စီမံဆောင်ရွက်ရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီရေးနှင့် ထုတ်လုပ်ပြီး စက်ပစ္စည်းများ ဈေးကွက်သို့ ဆောလျင်စွာ ဖြန့်ဖြူးရောင်းချရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်ချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၅

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းသည် ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့ စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။**

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ လှည်းကူးမြို့နယ်မင်းကုန်း စံပြကျေးရွာ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ သားဖွားခန်းဖွင့်ပွဲ အခမ်းအနားကိုကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သားဖွားခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က သားဖွားခန်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာ ဖွင့်ပွဲ အခမ်းအနားကို အဆိုပါကျေးရွာထိပ်ရှိ မင်္ဂလာမုခ်ဦးရှေ့၌ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက စံပြကျေးရွာ မုခ်ဦးကိုဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

## စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူးက စံပြကျေးရွာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက်တိုင်းမှူးသည် ဖောင်ကြီးအရှေ့စံပြကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကျေးရွာ စာကြည့်တိုက်အတွင်း ကြည့်ရှုကြသည်။

## ကြည့်ရှုစစ်ဆေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့က စာကြည့်တိုက်အတွက် တိုင်း၊ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျေးရွာလူထုက လှူဒါန်းသည့် သုတရသစာအုပ်မျိုးစုံ ၄၃၅အုပ်နှင့် လှည်းကူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်တို့က လှူဒါန်းငွေ ကျပ်တစ်သောင်းစီတို့ကို စာကြည့်တိုက် တာဝန်ခံထံပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့သည် စံပြကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ စားဖိုဆောင်သီးနှံ ၁၀ မျိုး ၁၀ ပေါင်စင် တစ်စင် စိုက်ခင်းတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စံပြကျေးရွာ ဖွင့်လှစ်ခြင်းနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးရာသက်ပန်အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲကို ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ရှေးဦးစွာ လှည်းကူးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘုန်းမြတ်သူက စံပြကျေးရွာနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက အမှာစကားပြောကြားသည်။

## အဆိုပြုလွှာပေးအပ်

ထို့နောက် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ရန်ကုန်မြောက်ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဌေးနှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ ပေးအပ်သောရာသက်ပန်အသင်းဝင် အဆိုပြုလွှာများကိုလက်ခံပြီး လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထန်းတပင်နှင့် ရွှေပြည်သာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများအတွက် အရင်းမပျောက် မတည်ငွေကျပ် တစ်သိန်းစီကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများထံ ပေးအပ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဥက္ကလာဦးစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူရေးအတွက် ၈/တောင်ရပ်ကွက် ဘုရားလမ်းနေ ဒေါ်သောင်းရှင်က မိဘများအား ရည်စူး၍ ငွေကျပ်တစ်သိန်းကို နာယကဆရာတော်ကြီး ဘဒ္ဒန္တပညာဝံသရှေ့မှောက်တွင် ဂေါပကအတွင်းရေးမှူး ဦးမောင်မောင်စိုး ပေးအပ်လှူဒါန်းစဉ်။**
(က-ပ)





**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း လှည်းကူးမြို့နယ် ဖောင်ကြီးအရှေ့စံပြကျေးရွာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**
(သတင်းစဉ်)

# ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် မန္တလေးမြို့ ဟိုတယ်များကို ကြည့်ရှုစစ်ဆေး နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး ကြိုးစားလုပ်ကိုင်ကြရန်မှာကြား

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ အင်းဝဟိုတယ်သို့ သွားရောက်၍ ဟိုတယ်အတွင်းအပြင် ပြင်ဆင်မွမ်းမံထားရှိမှု၊ ဟိုတယ်ဝန်ထမ်းများ ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဧည့်သည်များ တည်းခိုနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

## ကြိုးစားလုပ်ကိုင်

ဆက်လက်၍ ဝန်ကြီးသည် အင်းဝဟိုတယ်၌ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအား နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး လုပ်ငန်းများကို ကြိုးကြိုးစားစားလုပ်ကိုင်ဆောင်ရွက်ကြရေးမှာကြားပြီး မွန်းလွဲပိုင်းတွင် ဝန်ကြီးသည် ရူပါမန္တလာဟိုတယ်၊ Mandalay City Hotelနှင့် စိန်စိန်ဟိုတယ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ■ ရှေ့ဖုံးမှ

ဆက်လက်၍ တိုင်းမှူးသည် တိုက်ကြီးမြို့နယ် ရွာသာရွာအနီးရှိ အိုင်ကလောင်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိလာရာ ရှင်းလင်းဆောင်၌ တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဌေးလွင်က စီမံကိန်းဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးပေးဝေနိုင်မှု အခြေအနေ၊ လျှပ်စစ်ဓာတ်အား ရရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တိုက်ကြီးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြင့်အောင်က မြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ပညာပေးဆောင်ရွက်

ယင်းနောက် တိုင်းမှူးက စီမံကိန်း ဧရိယာအတိုင်း စိုက်ပျိုးရေအပြည့်အဝမပေးနိုင်သေးသော်လည်း အခြားစိုက်ပျိုးရေရရှိနိုင်သည့် နည်းလမ်းမျိုးစုံကိုအသုံးပြုပြီး တောင်သူများ၏လယ်မြေအတွင်းအရောက် စိုက်ပျိုးရေပေးဝေနိုင်ရေး ကြံဆဆောင်ရွက်ကြရန်၊ ရန်ကုန်မြို့တော် မိုင် ၃၀ပတ်လည် တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်စေရေးအတွက် အခြေခံကျသည့် စိုက်ပျိုးရေကို ရာသီမလပ် ရရှိအောင် ဆောင်ရွက်ကြရန်၊ နွေစပါးစိုက်ပျိုးပြီးသည်နှင့် တစ်မိုးနှစ်သီးမိုးစပါး စိုက်ပျိုးနိုင်ရန်၊ ကြိုတင်ပြင်ဆင်ကြရန်၊ ဓာတ်မြေဩဇာ သုံးစွဲမှုသက်သာစေသည့် ဒိုချက်ကင်း သဘာဝမြေဩဇာကို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲကြရေး ပညာပေးဆောင်ရွက်ကြရန် မှာကြားပြီး စီမံကိန်းမှ စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် တိုက်ကြီးမြို့နယ် ချောင်းသုံးခွကျေးရွာအနီး၌ ဒေသစားသုံးဆီ ဖူလုံစေရန် ရည်ရွယ်၍ စိုက်ပျိုးထားသော မတ်ပဲ၊ နေကြာသီးညှပ် စံပြစိုက်ခင်းဧက ၁၅၀၀ ကို ကြည့်ရှုအားပေးသည်။

တိုက်ကြီးမြို့နယ်၌ ယနေ့အထိ နေကြာ ၄၃၂၃ဧက အပါအဝင် ဆီထွက်သီးနှံ ၁၀၅၈၅ ဧက စိုက်ပျိုးပြီးဖြစ်ပြီး ရန်ကုန်မြောက်ပိုင်းခရိုင်၌ နေကြာ ၄၅၂၈ဧကအပါအဝင် ဆီထွက် သီးနှံ ၁၅၀၃၉ ဧက စိုက်ပျိုးပြီးဖြစ်သည်။

### အဖျောက်မြို့

ထို့နောက် တိုင်းမှူးသည် မွန်းလွဲပိုင်းတွင် တိုက်ကြီးမြို့နယ် အဖျောက်မြို့သို့ ရောက်ရှိလာပြီး အဖျောက်မြို့ကို ရေကြီးနစ်မြုပ်မှုနှင့် မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည့် ရောဝတီမြစ် အရှေ့ဘက်ကမ်းတာ (အဖျောက်တာ) ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အဖျောက်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိလာပြီး အဖျောက်မြို့ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် ၃၁၅ ကေဗွီအေ ထရန်စဖော်မာကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် တောင်သူဦးအောင်ချစ်၏ လယ်မြေ၌ ပြုလုပ်သည့် ဒိုချက်ကင်း သဘာဝမြေဩဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုပြီး ဒေသခံတောင်သူများအား ဒိုချက်ကင်းသဘာဝ မြေဩဇာ ပြုလုပ်ရာတွင်လိုအပ်သည့် တင်လဲရည်များကို ပေးအပ်သည်။

**(သတင်းစဉ်)**

## ခရစ္စမတ်ညဥ့် အအေးပိုကဲ

၂၅-၁၂-၂၀၀၆

| | | |
|---|---|---|
| နေပြည်တော် | ၁၄ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၀ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၃ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၆ | ဒီဂရီစင်တီဂရိတ် |
| တောင်ကြီး | ၇ | ဒီဂရီစင်တီဂရိတ် |
| မကွေး | ၁၀ | ဒီဂရီစင်တီဂရိတ် |
| အောင်လံ၊ ရွှေကျင် | ၁၁ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦး၊ မော်လမြိုင် | ၁၂ | ဒီဂရီစင်တီဂရိတ် |
| တောင်ငူ၊ မန္တလေး | ၁၃ | ဒီဂရီစင်တီဂရိတ် |
| မောင်တော | ၁၄ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန်(ကမ္ဘာအေး) | ၁၅ | ဒီဂရီစင်တီဂရိတ် |

(မြန်မာ့အလင်း)

# ကျွန်တော်နှင့် အဖျက်သမားများ

ဖဒိုအောင်ဆန်း

## ( ၁ )

၁၉၈၈ ခုနှစ် အရေးအခင်းတွင် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုနှင့် ကောလာဟလသတင်း ထုတ်လွှင့်မှုများကို နားယောင်ပြီး ကျောင်းသားလူငယ်အချို့ KNU ဝါခစခန်းသစ် (ကော်မူးရာ) သို့ တိမ်းရှောင် ရောက်ရှိလာကြပါသည်။ ထိုအချိန်က KNU ဥက္ကဋ္ဌ ဘိုမြသည် ထိုင်းနိုင်ငံ ဇင်းမယ်မြို့တွင် သွားရောက်ဆေးကုသနေသဖြင့် ကျွန်တော်ကသူ့ကို အနီးကပ် စောင့်ရှောက်နေရပါသည်။ KNU အတွင်းရေးမှူးက သူတို့ ဘာမျှမလုပ်ဆောင်နိုင်သဖြင့် ဥက္ကဋ္ဌထံ ညွှန်ကြားချက်ကို လှမ်း၍ တောင်းခံနေပါသည်။ ဥက္ကဋ္ဌက ကျွန်တော့်ကို ချက်ချင်းလွှတ်ပြီး ပြန်စီစဉ်ခိုင်းပါသည်။ ကျွန်တော် ဝါခစခန်းသစ်သို့ ညနေတွင် ပြန်ရောက်ပြီး နောက်တစ်နေ့ နံနက်စောစော ကျောင်းသားလူငယ်များကို ခေါ်ယူတွေ့ဆုံပါသည်။ ၎င်းတို့က စားဝတ်နေရေးနှင့် ABSDF လက်နက်ကိုင်အဖွဲ့ကို ဖွဲ့စည်းပေးရန် တင်ပြလာကြသည်။ ယာယီအားဖြင့် သူတို့အတွက် စားဝတ်နေရေးကို စီစဉ်ပေးပါသည်။ ထိုနေ့တွင် ABSDF ဆိုသည့် လက်နက်ကိုင်အဖွဲ့ကို ဖွဲ့ပေးလိုက်ပါသည်။ ဥက္ကဋ္ဌက မောင်မောင်ကျော် ဖြစ်ပြီး အတွင်းရေးမှူးက အောင်နိုင် ဖြစ်ပါသည်။ (အောင်နိုင်ကတော့ နောက်ပိုင်း၌ BBC သန်းလွင်ထွန်း၊ VOA သန်းလွင်ထွန်း စသည်ဖြင့် အသံလွှင့်နေပါသည်)

ထွန်းအောင်ကျော် ရောက်လာသည့်အခါ မောင်မောင်ကျော်ကို ဖယ်ပြီး ABSDF အဖွဲ့ဝင်များက သူ့ကိုရွေးချယ်လိုက်ပါသည်။ မိုးသီးဇွန် ရောက်လာပြန်ရာ အချိန်ကျ ရွေးကောက်ပွဲလုပ်ပြီး မိုးသီးဇွန် နိုင်သဖြင့် ဥက္ကဋ္ဌဖြစ်သွားပါသည်။ မိုးသီးဇွန်လုပ်တာ အချိုးမကျ မှုမမှန်ခြင်းကြောင့် (၄)နှစ်ပြည့် ရွေးကောက်ပွဲမှာ ရှုံးသွားပြီး ဒေါက်တာနိုင်အောင်က နိုင်သဖြင့် ABSDF အတွင်း အာဏာလုသည့်ပြဿနာ အကြီးအကျယ် ဖြစ်ကုန်ကြသည်။ KNU၊ NDF၊ DAB ၊ NCUB လူကြီးအချို့မှာ မျှတမှုမရှိကြပါ။ ဒေါက်တာနိုင်အောင်တို့အဖွဲ့အားလုံး ကံကောင်းထောက်မသဖြင့် အသတ်မခံရခြင်းဖြစ်သည်။ ကျွန်တော် မဲဆောက်ရောက်နေချိန်မို့ KNU ဥက္ကဋ္ဌက လူလွှတ်ပြီး အကြံဉာဏ်တောင်းပါသည်။ ကျွန်တော်က လူတစ်ဦးစီတွင် လက်နှစ်ဖက်ရှိသည့်အတွက် ငါးနှစ်ကောင်ဖမ်းထားမိလျှင် ဟင်းပိုစားရကြောင်း အကြံပေးလိုက်ပါသည်။ ဥက္ကဋ္ဌက ကျွန်တော့် အကြံကို လက်ခံပါသည်။ ဤသို့ဖြင့် ဒေါက်တာနိုင်အောင် ဦးစီးသည့် ABSDF အဖွဲ့နှင့် မိုးသီးဇွန် ဦးစီးသည့် ABSDF အဖွဲ့နှစ်ဖွဲ့ ကွဲသွားခဲ့ပါသည်။

ကျွန်တော်တို့အဖွဲ့ ငြိမ်းချမ်းရေးရယူပြီး အမိနိုင်ငံကို ပြန်ရောက်ချိန်တွင် မိခင်တစ်ဦးက ၎င်း၏သား တောထဲရောက်သွားပြီး ပြန်မလာခြင်းအတွက် ဝမ်းနည်းကြေကွဲစွာ NLD ပါတီကို ဒေါသတကြီး ဝေဖန်ပြစ်တင်ထားသည်ကို ဆောင်းပါးတစ်ပုဒ်မှာ ဖတ်လိုက်ရပါသည်။ မိဘများသည် သားသမီးများ ရေလိုက်မမှားအောင် သတိထား၍ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် တောတွင်းလက်နက်ကိုင် သောင်းကျန်းသူဘဝသို့ တွန်းပို့ခြင်းခံရသော များစွာသော ကျောင်းသား ကျောင်းသူများမှာ မြင်မကောင်း၊ ကြားမကောင်းအောင် အချင်းချင်း ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ဖားဖားချင်း၊ ငါးငါးချင်း ဓာတ်တူသားစားကြသလို ဖြစ်နေပါသည်။ ကျွန်တော်လည်း ဖခင်တစ်ဦးအနေဖြင့် ၁၉၉၀ ပြည့်နှစ်မှ ၁၉၉၄ ခုနှစ်ကုန်အထိ တောတွင်း၌ အချင်းချင်း အာဏာလုရင်း ABSDF တို့၏ ရက်ရက်စက်စက် အသတ်ခံခဲ့ရသော ABSDF ကျောင်းသူ ကျောင်းသားများအတွက် များစွာဝမ်းနည်းခဲ့ရပါသည်။

## ( ၂ )

ABSDF ကို ဖွဲ့ပေးပြီး မကြာမီတွင် အမေရိကန်ပြည်ထောင်စုက လက်သပ်မွေးထားသော တင်မောင်ဝင်းနှင့် ရဲကျော်သူခေါင်းဆောင်သည့် CRDB အဖွဲ့ ရောက်လာပါသည်။ ပြည်ပတွင် စည်းဝါးရိုက်ထားသည့်အတိုင်း အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ကနေဒါ၊ ဂျပန်၊ ဩစတြေးလျနိုင်ငံများမှ ကိုယ်စားလှယ်များလည်း ရောက်လာကြပါသည်။ NDF အဖွဲ့ဝင် အားလုံးနှင့် CRDB အဖွဲ့ ပူးပေါင်းပြီး နယ်စပ် မယ်တြိစခန်းတွင် DAB ဆိုသည့် သောင်းကျန်းသူ မျိုးစုံပါသည့် အဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။ နောက်ပိုင်းတွင် ပြည်ပြေး NLD များ ရောက်လာ၍ DAB နှင့် NLD ပြည်ပြေး ပူးပေါင်းပြီး NCUB ကို ထပ်မံဖွဲ့စည်းလိုက်ပါသည်။ NCUB အပြင် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်နိုင်ရန် NCGUB ဆိုသည့် ပြည်ပြေးများ ပါဝင်သော စင်ပြိုင်အစိုးရကိုလည်း ဖွဲ့စည်းပြန်ပါသည်။ ဒေါ်စုကြည်၏ တစ်ဝမ်းကွဲအစ်ကို ပြည်ပြေး ဒေါက်တာစိန်ဝင်းက ပြည်ပြေးအစိုးရ ဝန်ကြီးချုပ်လုပ်ပါသည်။

ဘာကြောင့် NCGUB ခေါ်ရသည်ကို ကျွန်တော်ရှင်းပြပါမည်။ ပြည်နယ်၊တိုင်းအသီးသီးက ထွက်ပြေးပြီး KNU ဗဟိုဌာနချုပ် (မာနယ်ပလော)ကို ရောက်ရှိလာသည့် NLD၊ တခြားပါတီနှင့် တစ်သီးပုဂ္ဂလ အရွေးချယ်ခံ ကိုယ်စားလှယ်အချို့ စုပေါင်းပြီး ပြည်ပြေးအစိုးရဖွဲ့ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ ပြည်တွင်း NLD နှင့် ပြည်ပြေး NLD ဟူ၍ နှစ်ဖွဲ့ကွဲသွားပါသည်။ NLD (LA)က ပြည်တွင်း NLD ကိုရော NCGUB ကိုပါ ဆန့်ကျင်ပါသည်။ နောက်မှ အချင်းချင်း ပြန်ညှိကြပြီး ပြည်တွင်းမှ NLD နှင့် ပြည်ပြေး NLD(LA) ဆိုသည်မှာ တစ်ဖွဲ့တည်းသာ ဖြစ်ကြောင်း ပြန်လည်ပြောကြားကြပါသည်။ ABSDF အဖွဲ့ ကွဲကြ၊ ပြိုကြသကဲ့သို့ NLD(LA) ကွဲကြ၊ ပြိုကြတော့လည်း အချင်းချင်းအာဏာလု ဗိုလ်ကျပြီး သတ်ကြ၊ ဖြတ်ကြပြန်ပါသည်။

တစ်ခါတွင် ကျွန်တော် ဗန်ကောက်သို့ ရောက်ခိုက် CRDB၊ NLD(LA) နှင့် NCGUB မှ အဖွဲ့ဝင်လူကြီးများ၊ ဝန်ကြီးဆိုသူများက သူတို့အား ညစာကျွေးရန် ပြောလာပါသည်။ ကျွန်တော်သည် ငယ်စဉ်ကတည်းကပင် စောစောအိပ်ထ အကျင့်ရှိသည်ဖြစ်ရာ သူတို့ချိန်းထားသည့် စားသောက်ဆိုင်ကို အချိန်စောစောပဲ သွားပါသည်။ တင်မောင်ဝင်း၊ NCGUB နိုင်ငံခြားရေးဝန်ကြီးဆိုသူ ပီတာလင်းပင်၊ ပြန်ကြားရေးဝန်ကြီးဆိုသူ ဦးလှဖေ စသူတို့ပါဝင်ခဲ့ကြောင်း သတိရပါသည်။ ကျွန်တော်နှင့်အတူ ညစာစားကြပြီး အချိန်တန်တော့ ကျွန်တော်က ပြန်မည်ဟုပြောပါသည်။ သူတို့က ဆက်လက် စားသောက်ဦးမည်ဆို၍ ငွေတောင်းတော့ လိုအပ်သောငွေပေးခဲ့ပြီး ကျွန်တော် ပြန်ခဲ့ပါသည်။ နောက်တစ်နေ့ နံနက်စောစောတွင် ကျွန်တော့်ထံ တယ်လီဖုန်းဆက်ပါသည်။ ယမန်နေ့ညက သန်းခေါင်ကျော်တွင် စားသောက်ပြီးပြန်ကြရာ NCGUB ပြန်ကြားရေးဝန်ကြီးဆိုသူ ဦးလှဖေ ပျောက်သွားကြောင်း သိရပါသည်။ မူးမူးရူးရူးနှင့် ၎င်းတို့ အချင်းချင်း လုပ်ကြံကြသည်ဟု ကျွန်တော်ထင်ပါသည်။ မကြာမီ တင်မောင်ဝင်းလည်း နှလုံးရောဂါနှင့် ဆုံးသွားကြောင်း ကြားရပြန်ပါသည်။ (ကျွန်တော့်အထင်မှာ အင်္ဂလိပ်အက္ခရာ လေးလုံးပါရောဂါနှင့် သေခြင်းသာဖြစ်သည်။) ရဲကျော်သူလည်း အရက် အသောက်လွန်၍ ရူးပြီး ဆုံးသွားပြန်ပါသည်။

## ( ၃ )

ကိုယ့်ဘဝနှင့်ကိုယ် ပျော်ကြသူများရှိသကဲ့သို့ ကိုယ့်ဘဝနှင့်ကိုယ် စိတ်ညစ်နေကြသူများလည်း ရှိပါသည်။ ဥပမာအားဖြင့် ကျောင်းသားဘဝဖြင့် ပညာရေးမွေ့လျော် လိုက်စားကြသူများသည် နောက်ဆုံးတစ်နေ့တွင် ကိုယ်လိုရာ ဘဝပန်းတိုင်ကို ရောက်သွားကြပါသည်။ ကျွန်တော်သည် မိဘက ကျောင်းမပို့နိုင်သော်လည်း ထင်းခုတ်ရောင်း၊ ရေတွင်းတူး၊ ငါးကန်တူး၊ ကြက်မွေး၊ တံငါလုပ်၊ မုဆိုးလုပ်ပြီး ရသောငွေဖြင့် ကျောင်းနေခဲ့ရသည်။ အပျော်ရွှင်ဆုံးဘဝဟု ယူဆကျေနပ်နေခဲ့ပါသည်။ ရိုးသားဖြူစင်သော ကျောင်းသားဘဝလောက် ပျော်စရာရှိတာ လောကတွင် ရှာတွေ့မည်မဟုတ်ပါ။ တောတွင်းလက်နက်ကိုင် သောင်းကျန်းသူဘဝသို့ လမ်းမှားပြီး ရောက်နေကြသည့် ABSDF ဥက္ကဋ္ဌ၊ ခေါင်းဆောင်ဆိုသူများကို အထင်ကြီးစရာ မရှိပါ။ သူတို့အားလုံး ဘဝပျက်နေကြပါပြီ။ ဝမ်းနည်းဖွယ်ရာများနှင့် ဆုံတွေ့နေကြရပါသည်။ ကျွန်တော့် ကိုယ်တွေ့မျက်မြင်ဖြစ်ပါသည်။

ပထမအသုတ် ပြည်ပြေး NLD များ ရောက်လာကြပါသည်။ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း စသည်တို့မှ ဖြစ်သည်။ ဦးထွန်းဦး၊ ဦးဘိုလှတင့်၊ ပီတာလင်းပင်၊ ဦးလှဖေ၊ ဦးလှဦးတို့ ဖြစ်ပါသည်။ ဒုတိယ အသုတ်အနေဖြင့် ဒေါက်တာစိန်ဝင်း၊ ဒေါက်တာစန်းအောင်(တချို့က ဒေါ်စန်းအောင်လို့ ခေါ်ကြသည်) ဦးမြင့်အောင်၊ ဦးမောင်မောင်အေးတို့ ဖြစ်ကြပါသည်။ နောက်မှ ရန်ကုန် NLD ဗဟိုဌာနချုပ်က ဦးဝင်းခက် (ယခင် ဦးစောလွင်)ရောက်လာပါသည်။ ယခင် NLD(LA)ကို ဖွဲ့စည်းစဉ်အခါက နှစ်ဦးသာရှိသည့်အတွက် ဘာမျှမလုပ်တတ်ဘဲ ဖြစ်နေစဉ် ဦးဝင်းခက်ရောက်လာတော့ သူ့ကို ဥက္ကဋ္ဌတင်ပါသည်။ ကိုသန်းထွဋ်၊ ကိုအောင်စောဦးနှင့် ဦးလှဖေ(ခ)ဦးဇော် (ဘီဘီစီသတင်းထောက်)တို့ ထပ်ရောက်လာပြန်သည်။ ဗကပအနွယ်ဝင်တချို့လည်း ပါဝင်ပါသည်။ ဦးဝင်းခက်လုပ်တာကို အများက လက်မခံတော့ လေးနှစ်ပြည့်ပြီး ရွေးကောက်ပွဲမှာ ဗကပအနွယ်ဝင်များက ဦးဝင်းခက်ကို ဖြုတ်လိုက်ကာ ကချင်ပြည်နယ်မှ ဦးတင်အောင်ကို ဥက္ကဋ္ဌတင်လိုက်ကြသည်။ ဦးဝင်းခက် ရှုံးမတတ်ဖြစ်နေသဖြင့် ကျွန်တော်ကပဲ သူ့အတွက် DAB ဥက္ကဋ္ဌထံ ထောက်ခံစာ ယူပေးခဲ့ရသည်။ ဦးဝင်းခက် နိုင်ငံခြားသို့ထွက်သွားကာ လိုက်လံတောင်းစားပြီး အသက်ရှင်နေရပါသည်။ ယခုတော့ ပြည်ပသတင်းဌာန အဆိုအရ NLD(LA) တွင် ဦးဝင်းခက်ဥက္ကဋ္ဌ ပြန်ဖြစ်ပြီး ဦးတင်အောင်က ဒုတိယဥက္ကဋ္ဌ ဖြစ်နေပြန်ပါသည်။

တိုင်းပြည်အတွက် အလွန်ဝမ်းသာစရာ အကောင်းဆုံးတစ်ခု ရှိပါသည်။ **အကြောင်းကတော့ ဒေါက်တာစိန်ဝင်း ဦးဆောင်သော NCGUB အဖွဲ့ဝင် ဝန်ကြီးဆိုသူများမှာ နိုင်ငံရေးဆိုတာ အဖြူလား၊ အမည်းလား မသိကြပါ။ အမောင်တောင်မှန်း၊ မြောက်မှန်း မသိဖြစ်နေကြပါသည်။ ဆရာဝန်ပေါက်စ၊ အင်ဂျင်နီယာပေါက်စ၊ ရှေ့နေပေါက်စများသာ ဖြစ်ကြပါသည်။ NLD အမည်ခံပြီး လွန်ခဲ့သော ၁၅ နှစ်ကျော်က ရွေးကောက်ပွဲတွင် အချောင်အနိုင်ရခဲ့ခြင်းသာ ဖြစ်ပါသည်။ သူတို့သာ တရားဝင်အစိုးရ တက်လုပ်ပါက၊ သို့မဟုတ် သူတို့ကိုသာ မှားယွင်းစွာ တာဝန်လွှဲအပ်မိပါက တိုင်းပြည်ကတော့ ချောက်ထဲကျဖို့ သေချာပါသည်။**

## ( ၄ )

အဖျက်သမားများကိုတော့ ‘‘ရက်စက်ပါပေ့’’ဟူ၍ ပြောလိုပါသည်။ ကျွန်တော် အမိနိုင်ငံကို ပြန်လာတော့ အဋ္ဌမတန်းကျောင်းသားလေး မောင်ဘူးသည် ကျန်ရစ်ခဲ့သည့်အဖွဲ့၏ လုံခြုံရေးတာဝန်ခံ ဗိုလ်ကြီး စောကြည်အောင်နှင့်အတူ ပစ္စည်းစောင့်နေခဲ့ပါသည်။ ကျွန်တော်တို့ နေထိုင်ရာ စခန်းသို့ ထိုင်းစစ်တပ်နှင့် KNU ဝင်စီးရာ လုံခြုံရေးတာဝန်ခံနှင့် သူ့ရဲဘော်များက လက်နက်ချပါသည်။ အဋ္ဌမတန်း ကျောင်းသားလေး မောင်ဘူးတွင် လက်နက်မရှိပါ။ သို့ရာတွင် သူ့ကို မသင်္ကာမှုဖြင့် ရက်စက်စွာ သတ်ဖြတ်ပြီး ချောင်းထဲသို့ ပစ်ချခဲ့ကြပါသည်။

ကျွန်တော်နှင့် ဆွေမျိုးတော်စပ်သူ တစ်ဦးကိုလည်း ဖမ်းဆီးသွားပြီး အရေးယူခံခဲ့ရပါသည်။ ၎င်းသည် ဘုမသိဘမသိနှင့် တမင်သက်သက် နှိပ်စက်ခြင်းခံရပါသည်။ သူသည် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင် စားသောက်နေသူဖြစ်ပါသည်။ ကားမောင်းတတ်သည်။ ဇင်းမယ်၊ ဗန်ကောက် အစရှိသော မြို့များသို့ KNU လူကြီးများ သွားလာရာတွင် နေ့ရောညပါ ပို့ဆောင်ပေးပါသည်။ သူ့ကို ဓားမြှောင်နှင့်ထိုး၊ သေနတ်ဒင်နှင့်ရိုက် နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ပါသည်။ ညအချိန်တွင် ခြေရောလက်ပါ ချည်နှောင်ပြီး အိပ်စေပါသည်။ လူကပိန်ချုံးပြီး ရူးသွားမည့်အခြေအနေတွင် လွှတ်လိုက်ပါသည်။ သူ့အိမ်ပေါ်ရှိ ပစ္စည်းအားလုံးကို သိမ်းယူပြီး ဇနီးနှင့် သားသမီးများကို အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် နှင်ထုတ်ခဲ့ပါသည်။ ထိုင်းရွာသူ ရွာသားများက စောင့်ရှောက်၍ သူတို့မိသားစု ချမ်းသာရာရပါသည်။ သူ့ကို အချိန်အတော်ကြာ ပြုစုကုသခဲ့ရပါသည်။

## ( ၅ )

လူဆိုသည်မှာ ပွင့်ချိန်တန်ပွင့်ရသည်။ သီးချိန်တန်သီးရသည်။ လူပျိုကြီး၊ အပျိုကြီးများ သတိထားသင့်သည်။ ညနေစောင်းမှ စပါးလှန်းလျှင် ခြောက်မည်မဟုတ်ပါ။ ဥပမာအနေဖြင့်ပြောရလျှင် မာနယ်ပလောသို့ ရောက်လာသည့် မောင်လှ(လူပျိုကြီး)ကို NCGUB က ရုံးအုပ်တာဝန်ပေးပါသည်။ မဝင်း(အပျိုကြီး) ကိုတော့ NLD က ဆက်သွယ်ရေးတာဝန်ခံ လုပ်စေပါသည်။ မောင်လှနှင့်မဝင်းတို့ မေတ္တာမျှပြီး လက်ထပ်လိုကြပါသည်။ သို့ရာတွင် NCGUB ဒေါက်တာစိန်ဝင်းနှင့် NLD (LA)ဦးဝင်းခက်တို့ ပြည်ပြေးအချင်းချင်း မတည့်ဘဲ ရန်စောင်နေကြတော့ မောင်လှနှင့် မဝင်းလက်ထပ်ရန် သူတို့က ခွင့်မပြုကြ ဘယ်လိုမှ သူတို့နှင့် ညှိလို့မရ ဖြစ်နေပါသည်။ အချိန်တွေကြာလာတော့ မောင်လှက ကျွန်တော့်ဆီလာပြီး NLD က လူကြီးတွေကို သူလုပ်ကြံပြီး သူနှင့်မဝင်း ထွက်ပြေးမည်ဟု ပြောလာပါသည်။ ကျွန်တော်က ဖျောင်းဖျနှစ်သိမ့်ပြီး အိမ်ထောင်ချပေးမယ် အသာလေးငြိမ်ငြိမ်နေပါ၊ အိမ်တစ်လုံး ဆောက်ပေးမယ်ဟု ပြောရသည်။ မောင်လှကလည်း ကျွန်တော့်အကြောင်း သိထားတော့ ကျေနပ်စွာနှင့် ပြန်သွားပါသည်။ သူ့ချစ်သူ မဝင်းကိုလည်း ပြန်ပြောခိုင်းပါသည်။ (ကျွန်တော်နှင့် ကျွန်တော့်ဇနီး(အမိုး)တို့သည် လူငယ်တွေ ချစ်ကြိုက်ကြသည်ဆိုလျှင် တစ်ခါတစ်ရံ ၁၀တွဲအထိ ကိုယ့်စရိတ်နှင့်ကိုယ် လက်ထပ်ပေးခဲ့ပါသည်)

နောက်တော့ မောင်လှနှင့် မဝင်းတို့အား မဲဆောက်မြို့ကို တစ်လှည့်စီ လွှတ်ပြီး အဝတ်အစား ဝယ်ခိုင်းပါသည်။ အိမ်ဆောက်ပြီး၍ KNU ဥက္ကဋ္ဌနှင့် ဗဟိုလူကြီးများကို လက်ထပ်ပွဲအတွက် သွားဖိတ်ကြပါသည်။ ထို့နောက် ဒေါက်တာစိန်ဝင်းအဖွဲ့နှင့် ဦးဝင်းခက်အဖွဲ့ကိုလည်း ဖိတ်လိုက်ပါသည်။ KNU ဥက္ကဋ္ဌက ပြောထားသဖြင့် အားလုံးလာကြပါသည်။ ထူးခြားသည်မှာလည်း လက်ထပ်ပွဲတွင် ဒေါက်တာစိန်ဝင်းအဖွဲ့က အိမ်ပေါ်တက်ထိုင်ပြီး ဦးဝင်းခက်နှင့်အဖွဲ့ကတော့ အိမ်အောက် ဗာဒံပင် အရိပ် ခုံတန်းရှည်မှာ ထိုင်ကြပါသည်။ အိမ်ပေါ်တက်ရန် ခေါ်၍ မရပါ။ KNU ဗဟိုလူကြီးထဲတွင် ဘုန်းကြီးလူထွက်တစ်ယောက် ပါသဖြင့် လက်ထပ်ပွဲ အဆင်ပြေသွားပါသည်။ KNU ဥက္ကဋ္ဌက လက်ထပ်ပေးပြီး ဒေါက်တာစိန်ဝင်းက သတို့သားဘက်၊ ကျွန်တော်က သတို့သမီးဘက် သက်သေလက်မှတ်ထိုးကြပါသည်။

လက်ထပ်ပွဲတွင် ကျွန်တော်မွေးထားသော နွား၊ ဆိတ်၊ ကြက်ဆင်သား ဟင်းလျာများဖြင့် ဧည့်ခံကျွေးမွေးပါသည်။ ဒေါက်တာစိန်ဝင်းနှင့်အဖွဲ့ စားပြီးအပြန်တွင် သူတို့အတွက် ဟင်းချိုင့်တစ်လုံးထည့်ပေးလိုက်သည်။ ပြီးမှ ဦးဝင်းခက်နှင့်အဖွဲ့ အိမ်ပေါ်တက်လာပြီး ထမင်းစားကြပါသည်။ သူတို့ကိုလည်း ချိုင့်တစ်လုံးနှင့် ဟင်းများထည့်ပေးလိုက်ပါသည်။ မိုးချုပ်ခါနီးတွင် သတို့သားနှင့် သတို့သမီးနှစ်ဦးကို ကျွန်တော်ဆောက်ပေးထားသည့်အိမ်သို့ ကိုယ်တိုင်လိုက်ပို့ ပေးလိုက်သည်။

နောက်မကြာမီ မဝင်းတွင် ကိုယ်ဝန်ရှိလာသည်။ လစေ့နေ့စေ့ဖြစ်လာသည့်အခါ ကျွန်တော့်သမီးကို ထိုင်းနိုင်ငံ မဲစရင်းမြို့ (မိုင်းကုံးကြီးမြို့) သို့ လိုက်ပို့စေကာ ဆေးရုံတွင် မီးဖွားပေးလိုက်ပါသည်။ ယောကျ်ားကလေးပါ။ သူ့နာမည်ကို မောင်လှဝင်းအောင်ဆန်းဟု မှည့်ပေးလိုက်ပါသည်။ ကျွန်တော့်နာမည်က ဖဒိုအောင်ဆန်း မဟုတ်လား။ ယခု တော့ မောင်လှဝင်းအောင်ဆန်း တစ်ယောက် နိုင်ငံခြားတိုင်းပြည် တစ်ပြည်ကိုရောက်ရှိနေပြီဖြစ်တဲ့အတွက် Bill အောင်ဆန်း(သို့)George အောင်ဆန်းများ ဖြစ်သွားပြီလား မပြောတတ်တော့ပါ။

## ( ၆ )

၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် KNU ဌာနချုပ် မာနယ်ပလောကျသွားသည်။ KNU ဗဟိုစီးပွားရေးဌာနမှူးကြီး တစ်ယောက် အနေဖြင့် ငွေရရန် လမ်းစရှာရပါသည်။ မိတ်ဆွေတစ်ဦး၏ အကြောင်းကြားချက်အရ ထိုင်း-ကမ္ဘောဒီးယားနယ်စပ်တွင် သတ္တုများ တူးဖော်ရန်

**စာမျက်နှာ ၁၁၊ ကော်လံ ၁ သို့**

# ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေး ရှင်းလင်းဆွေးနွေး

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပြန်ကြားရေးဝန်ကြီးဌာနပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်သည် ဒီဇင်ဘာ ၁၈ရက် ညနေပိုင်းက ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျောက်ဆိပ်ကျေးရွာ "မောင်သာနိုး စာကြည့်တိုက်"နှင့် ပုဏ္ဏားကျွန်းမြို့နယ်ရုံးသို့ လည်းကောင်း၊ ဒီဇင်ဘာ၁၉ရက် နံနက်ပိုင်းက စစ်တွေမြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ "ပညာပဒေသာစာကြည့်တိုက်"နှင့် ပါဒလိတ်ကျေးရွာရှိ "ပညာ့အလင်း စာကြည့်တိုက်"တို့သို့ လည်းကောင်း သွားရောက်၍ စာကြည့်တိုက်ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ စာဖတ်ပရိသတ်များနှင့် တွေ့ဆုံကာ စာအုပ်စာစောင် တိုးပွားရေး၊ စာများများဖတ်၍ အသိပညာ ဗဟုသုတတိုးပွားစေရေး၊ စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မာရေးတို့ကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

**စာပေဟောပြော**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ဒီဇင်ဘာ၁၉ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ စာဆိုတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် စာရေးဆရာ စစ်တွေညိုသန့်၊ ဇဂျီးကျော် (စစ်တွေ)တို့နှင့်အတူ စာပေဟောပြောပွဲ ကျင်းပခဲ့သည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့်ရခိုင်ပြည်နယ်လုံးကျွတ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးခြင်းနှင့် ရုပ်မြင်သံကြား ပြစက်၊ ရေဒီယို၊ စာအုပ်စာစောင်နှင့် ငွေပဒေသာပင် အပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၄၃၆၂၆၈၀ လှူဒါန်းပွဲသို့ တက်ရောက်၍ ကျေးဇူးတင် စကားပြောကြားသည်။ ဆက်လက်၍ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်၌ ကျင်းပသည့် အီလက်ထရောနစ် စာကြည့်တိုက်ဖွင့်ပွဲသို့ တက်ရောက်၍ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီးဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လမ်းမတော် မြို့နယ် ဝါးတန်းလမ်း အမှတ် ၉၇(A) နေ ဦးမင်းမင်း–ဒေါ်မိုးမိုးကြည်(ခ) ဒေါ်ဝင်းဝင်း၊ သား မောင်အောင်ရဲထွန်း၊ သမီး မသိမ့်အိနိုင်(ရွှေလမင်းသံဆိုင်) မိသားစုက အလှူ ငွေကျပ် ၁၆၀၀၀၀ ကို လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပုညသုခကျောင်းဆရာတော် ဦးဇောတိကထံ ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က–ပ)



ဦးခင်မောင်–ဒေါ်ကျင်မြတို့အား ရည်စူး၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၅ လမ်း အမှတ် ၆၃ ပထမထပ်နေ ဒေါ်ယဉ်ယဉ်နွယ်က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေ ကျပ် ငါးသိန်းကို အနုနာယက ဆရာတော်ကြီး ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



**ဆုချီးမြှင့်**

အမက(၅) သာကေတ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒီဇင်ဘာ ၁၇ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဌေးက ငါးနှစ်ဆက်တိုက် ပထမဆုရ မောင်ကောင်းဆုသာအား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၂၅၈)

# သားဖွားခန်းများ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော သားဖွားခန်းများ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သားဖွားခန်း တာဝန်ခံ သားဖွား ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဟောပြောဆွေးနွေး**

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်ဗဟိုအလုပ်အမှုဆောင်များက ဟောပြောဆွေးနွေးကြပြီး ရန်ကုန်တိုင်း အတွင်းရှိ မြို့နယ် ၁၈မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ သားဖွားခန်းတာဝန်ခံ သားဖွားဆရာမများလည်း ပါဝင်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**



**စာမျက်နှာ ၁၀ ဆောင်းပါးမှ**

မြေတူးစက်အသစ်တစ်စီးနှင့် လိုအပ်သော အခြားကိရိယာများ ဝယ်ပြီး သွားရောက်တူးဖော်ခဲ့ပါသည်။ ဗန်ကောက်မြို့တွင် ကျောက်မျက်ရတနာကုမ္ပဏီတစ်ခုကိုလည်း ထူထောင်ခဲ့ပါသည်။ တစ်လအတွင်း ပတ္တမြားများ တူးဖော်ရရှိခဲ့ပါသည်။ ပတ္တမြားအလုံးလေးများထဲမှ လက်ညှိုးထိပ်လောက် ပတ္တမြားတစ်လုံး ရရှိခဲ့ပါသည်။ ထိုပတ္တမြားများကို ထုတ်ပြီး ဗန်ကောက်မြို့ရှိ ကုမ္ပဏီရုံးခန်း မီးခံသေတ္တာတွင်ထားရှိပါသည်။

ထိုအချိန်တွင် အသိတစ်ယောက်က ကျောက်မျက်ရတနာ ကျွမ်းကျင်သူ တစ်ဦးနှင့် မိတ်ဆက်ပေးပါသည်။ လိုအပ်သည့်အတွက် သူ့ကို လခစားအနေနှင့် အလုပ်ခန့်ပေးပါသည်။ ထိုသူသည် မကြာမီအတွင်း ကုမ္ပဏီ၏ ထိုင်းဒါရိုက်တာတစ်ဦးနှင့်ပေါင်းပြီး ကုမ္ပဏီအထွေထွေမန်နေဂျာထံမှ အဆိုပါပတ္တမြားကို ရောင်းရန်အတွက်ဟုဆိုကာ လိမ်ယူသွားပြီး ပေါ်မလာတော့ပါ။ ထိုသူမှာ အခြားသူမဟုတ်ပါ။ BBC/VOA အသံလွှင့် ဌာနများက နိုင်ငံရေးသမား ဖြစ်သယောင် အမွှမ်းတင်ထုတ်လွှင့်ပြီး ပြည်ပဆရာကြီးများနှင့် ILO တို့က သူကောင်းပြုထားသည့် ပြည်သစ် ညွှန့်ဝေ(ခ)မောင်မောင် ဖြစ်နေပါသည်။ သူသည် ပတ္တမြားများကို အလွဲသုံးစားပြု ရောင်းချပြီး နိုင်ငံကူးလက်မှတ် (Passport) အတုလုပ်၍ အမေရိကန်သို့ ထွက်ပြေးသွားပါသည်။ ယခုတော့ NCUB အတွင်းရေးမှူးနှင့် FTUB အတွင်းရေးမှူး ဖြစ်နေပြန်ပါသည်။ နောက်မှသိရသည်မှာ ပြည်သစ်ညွှန့်ဝေ(ခေါ်)မောင်မောင်သည် မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနတွင် ဝန်ထမ်းလုပ်ခဲ့စဉ် ပြစ်မှုကျူးလွန်ပြီး ဝရမ်းပြေးနေသူတစ်ဦးဖြစ်ကြောင်း သိလိုက်ရပါသည်။

အမေရိကန်ကတော့ သူတို့အသုံးချလို့ ရသူဖြစ်ပါက ခေါ်ထားလိုက်ပါသည်။ နှစ်ယောက်တစ်ပိုင်းနှင့် အဖွဲ့ကိုလည်း လက်ခံပါသည်။ (နှစ်ယောက်တစ်ပိုင်းထဲတွင် တစ်ယောက်က ရူးသွပ်သွပ်ဖြစ်နေပါသေးသည်)။ ၎င်းတို့ အသုံးချ၍ ရမည်ဆိုပါက ၎င်းတို့အလွန်မုန်းတီးသော ကွန်မြူနစ်ဗကပကိုလည်း လက်ခံမွေးမြူပါသည်။ ဗကပခေါင်းဆောင်တစ်ဦးက အင်္ဂလန်သူနှင့်ရတော့ ပြည်သူ့လွှတ်တော် လွှတ်မြောက်ရေးပါတီ (PLF)ဆိုသည်ကို ၎င်းတို့ဇနီးမောင်နှံနှစ်ဦးနှင့်ပင် ဖွဲ့လိုက်ပါသည်။ အမေရိကန်က လက်ခံပြီး အကူအညီ ထောက်ပံ့ပေးနေပါသည်။ အဆိုပါဇနီးမောင်နှံမှာ ကျွန်တော်နှင့် ခင်မင်ရင်းနှီးသည့်အတွက် အမည်မဖော်လိုပါ။

ထိုင်းနိုင်ငံရှိ အမေရိကန်ထောက်လှမ်းရေး(CIA)က အမေရိကန်နိုင်ငံသား ကိုယ်စားလှယ်မှတစ်ဆင့် ကျွန်တော့်ကို မှာသဖြင့် သွားတွေ့ခဲ့ဖူးပါသည်။ ကျွန်တော့် ကို KNU ကိုယ်စားလှယ်အဖြစ် အမေရိကန်နိုင်ငံတွင် သွားရောက် ရုံးဖွင့်နေထိုင်ရန် ပြောပါသည်။ အမေရိကန်နိုင်ငံတွင် သွားရောက်နေထိုင်သည့် အခြားအဖွဲ့အစည်းတစ်ခု၏ ကိုယ်စားလှယ်များနှင့်လည်း တွေ့ပေးပါသည်။ ထို ကိုယ်စားလှယ်များ၏ နိုင်ငံကူးလက်မှတ် (Passport)နှင့် ပြည်ဝင်ခွင့်လက်မှတ် (Visa) ကိုလည်း ထုတ်ပြပါသည်။ ကျွန်တော်က ယခင်ကတည်းက အမေရိကန်မြေကို တစ်သက်တာတွင် ခြေမချဟု သန္နိဋ္ဌာန်ချထားခဲ့သူ ဖြစ်ပါသည်။

အမေရိကန်နိုင်ငံသည် ကမ္ဘာပေါ်တွင် နယ်ချဲ့ လက်သစ် လုပ်နေသည့် နိုင်ငံဖြစ်သည်။ ထို့အပြင် သူတစ်ပါးနိုင်ငံများကို စစ်ရေးအရ အနိုင်ကျင့်သည်။ အခြားတိုင်းပြည်များရှိ ပြည်သူ အမြောက်အမြားကို သေကျေပျက်စီးဒုက္ခဖြစ်စေသည့် နိုင်ငံဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများထဲတွင် အမေရိကန်နိုင်ငံသည် လူ့ယဉ်ကျေးမှုစရိုက် အပျက်စီးဆုံး နိုင်ငံဖြစ်သည်။ အမေရိကန်သည် ကလေးသူငယ်များကို အဓမ္မကျင့်၊ သတ်ဖြတ်မှု မြောက်မြားစွာရှိသော နိုင်ငံတစ်ခုဖြစ်နေသည်။ ထို့ကြောင့် စဉ်းစားဦးမည်ဟုပြောပြီး ပြန်လာခဲ့ပါသည်။

ယခုတော့ အမိနိုင်ငံကိုပြန်ရောက်ပြီး အေးမြသော ငြိမ်းချမ်းရေး၏ အရသာကို ခံစား၊ စံစား နေရပါသည်။ ကျွန်တော်တို့ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်နေပါသည်။ အမျိုးသားညီလာခံကို ကိုယ်စားလှယ် တစ်ဦးအနေဖြင့်လည်း ဂုဏ်ယူဝင့်ကြွားစွာ တက်ရောက်နေပါသည်။ ကျွန်တော်ကြုံတွေ့ခဲ့ရသော ပြည်တွင်းပြည်ပ အဖျက်သမားများ အကြံအစည်နှင့် အဖျက်လုပ်ရပ်များကို ပြည်သူများ သိရှိနိုင်ရန် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ။

# မြန်မာနိုင်ငံရေကြောင်းပညာသင်တက္ကသိုလ် သင်ထောက်ကူပြု ပစ္စည်းများလှူဒါန်း



**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါက မြန်မာနိုင်ငံ ရေကြောင်းပညာသင်တက္ကသိုလ်သို့ အမေရိကန်ဒေါ်လာ ၉၀၀၀တန်ဖိုးရှိ သင်ထောက်ကူပြုပစ္စည်းများဖြစ်သော စာသင်ခုံအစုံ ၆၀ Chart Table အလုံး၁၂၀၊ ဆရာစာသင်ခုံ သုံးလုံးနှင့် White Board သုံးခု တို့လှူဒါန်းသည့် အခမ်းအနားကို ဒီဇင်ဘာ၂၂ရက် နံနက် ၁၀ ခွဲက ရန်ကုန်တိုင်း သန်လျင်မြို့နယ် သီလဝါဒေသရှိ မြန်မာနိုင်ငံ ရေကြောင်းပညာသင် တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်းက အမှာစကားပြောကြားပြီး မြန်မာအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသီလဝါမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးမင်းကြည်က လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ အမေရိကန်ဒေါ်လာ ၉၀၀၀ တန်ဖိုးရှိ သင်ထောက်ကူပစ္စည်းများနှင့် ပညာသင်ဆုအတွက် အထိမ်းအမှတ် ချက်လက်မှတ်ကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)** ပါမောက္ခချုပ် ဦးသိန်းထွန်းက လက်ခံကာ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်ဩဝါဒါစရိယ မကွေးတိုင်း ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် မဟာဝိသုတာရာမိက ရွှေပေါက်ပင်ကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဝေပုလ္လသာမိ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်း ပခုက္ကူမြို့နယ် ညောင်ကြစ်ပင်ကျေးရွာ ခမည်းတော် ဦးမုန်း၊ မယ်တော် ဒေါ်ပုတာတို့မှ ၁၂၇၉ခုနှစ် တန်ဆောင်မုန်းလဆန်း၁၀ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်သည်။

**ရှင်၊ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၉၁ခုနှစ် ကဆုန်လပြည့်နေ့တွင် မန်ကျီးချောင်းရပ် ကုန်သည်ကြီး ဦးစိန်ပန်း-ဒေါ်ပုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပညာ(အဂ္ဂမဟာပဏ္ဍိတ)ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ၁၂၉၉ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၁ရက် နံနက်၈း၃၀နာရီတွင် ပခုက္ကူမြို့နယ် စဘေရွာ၊ ဖောင်းကြမ်းကုန်းစု တိုက်သူကြီးမင်း ဦးသာကြွယ်-ဒေါ်မင်းဆယ်နှင့် ကျောင်းဆရာမကြီး ဒေါ်သိန်းတင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ စဘေရွာ အနောက်ကျောင်းကြီး ခဏ္ဍသိမ်တော်၌ ရေမျက်မင်းကျောင်းဆရာတော် ဦးအာသဘကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။

**ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မြေပန်းတောင်းကျောင်းဆရာတော် ဦးဝိမလာစာရ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် ဆရာတော် ဘဒ္ဒန္တပညာ၊ ဘဒ္ဒန္တသုန္ဒရ၊ ဘဒ္ဒန္တနန္ဒိယစသောဆရာတော်တို့ထံ၌ ပိဋကတ်ကျမ်းစာ အဖြာဖြာတို့ကို လေ့လာသင်ယူတော်မူခဲ့ပြီး သာသနဓဇသိရီပဝရ ဓမ္မာစရိယစာမေးပွဲကို အောင်မြင်တော်မူခဲ့သည်။

**စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ မန္တလေးမြို့ မဟာဝေယံဘုံသာကျောင်းတိုက်တို့၌ ပါဠိ အဋ္ဌကထာဋီကာကျမ်းများနှင့်စာမေးပွဲ ဆိုင်ရာကျမ်းစာများကို ပို့ချတော်မူ၍လည်းကောင်း၊ တိပိဋကပါဠိမြန်မာ အဘိဓာန်ကျမ်းကို ရေးသားပြုစုတော်မူခြင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿယကျမ်းကို ရေးသားပြုစုတော်မူခြင်းဖြင့်လည်းကောင်း၊ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီးတွင် မူလသံဃာ့ဝန်ဆောင် ၆၆ပါးအဖွဲ့ဝင်အဖြစ် ပထမအကြိမ်၊ ဒုတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယက အဖြစ်တို့ဖြင့်လည်းကောင်း၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ်တို့တွင် နိုင်ငံတော်ဩဝါဒါစရိယအဖြစ်ဖြင့်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့သည်။

**ဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ၊ သိက္ခာကာမစသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးအား နိုင်ငံတော်အစိုးရက ၁၃၅၁ခုနှစ် (၁၉၉၀ပြည့်နှစ်)တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်၉၀ပြည့်၊ သိက္ခာတော် ၇၀အရ ၁၃၆၈ခုနှစ် ပြာသိုလဆန်း၆ရက်၊ ၂၀၀၆ခုနှစ် ဒီဇင်ဘာ၂၄ရက်(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

## နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဝေပုလ္လသာမိ ဘဝနတ်ထံ ပျံလွန်တော်မူ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

နိုင်ငံတော် ဩဝါဒါစရိယ မကွေးတိုင်း ပခုက္ကူမြို့နယ် မဟာဝိသုတာရာမိက ရွှေပေါက်ပင် ကျောင်းတိုက် ပဓာနနာယက သက်တော်(၉၀)၊သိက္ခာတော်(၇၀) ရှိ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လသာမိ မဟာထေရ် ဆရာတော်ကြီးသည် ဒီဇင်ဘာ၂၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် သီတင်းသုံးတော်မူရာ မဟာဝိသုတာရာမိက ရွှေပေါက်ပင် ကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



**မြောက်ဥက္ကလာပမြို့နယ် မဉ္ဇူကျောင်း ရန်အောင်ကျောင်းတိုက် သုံးထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက် ပါပူဝါနယူးဂီနီနိုင်ငံမှ တပည့်ဒါယကာ ဒါယိကာမများက အလှူငွေကျပ်လေးသိန်းကို မဉ္ဇူကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုနန္ဒ ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းအကျိုးဆောင် ဦးမြင့်ဦးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။** (က-ပ)

## ရန်ကင်း အထက(၁) အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကင်းမြို့ အထက(၁)တွင် ၁၉၆၂ခုနှစ်မှ ၁၉၇၈ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား နဝမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ၇ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ယင်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆရာကြီး ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အခမ်းအနားသို့ တက်ရောက်ပါရန်နှင့်အလှူငွေလှူဒါန်းလိုသူများသည် ဦးတင်မောင်အေး ဖုန်း-၀၉-၅၂-၀၀၂၀၀၊ဦးဖေယျကို ဖုန်း-၀၉-၅၁-၆၇၅၅၆၊ ဒေါ်ရှုပါ ဖုန်း-၀၉-၅၁-၇၂၆၃၁၊ ဒေါ်ခင်မြတ်သက် ဖုန်း-၀၉-၈၀-၂၄၉၃၀၊ ဦးအောင်ချို(ခ)ချိုလေး ဖုန်း-၀၉-၅၃-၂၀၆၁၃၊ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀-၀၂၆၁၂၊ ဒေါ်ခင်စန္ဒာ ဖုန်း-၀၁-၅၇၀၈၃၁နှင့်ဒေါ်အေးအေးစန်း ဖုန်း-၀၁-၆၈၂၁ ၈၀ (လိုင်းခွဲ)၁၄၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သာယာမည်

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**



## စစ်ကိုင်းတိုင်း ငါးလုပ်ငန်းဖွံ့ဖြိုးရေးညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်း ငါးထုတ်လုပ်မှု တိုးတက်စေရေးနှင့် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ၁၈ရက်က မုံရွာမြို့ တိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူးရုံး၌ ကျင်းပရာ တိုင်းငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးလှထွန်းနှင့် ခရိုင်မြို့နယ် ဦးစီးမှူးများ၊ ငါးလုပ်ငန်းစခန်း တာဝန်ခံများ တက်ရောက်ကြသည်။

**ကြိုးစား**

ရှေးဦးစွာ တိုင်းငါးလုပ်ငန်းဦးစီးဌာနမှူး ဦးလှထွန်းက ဘဏ္ဍာရေးနှစ်အတွင်း လုပ်ကိုင်ခဲ့သော လုပ်ငန်းများအပေါ်အားနည်းချက်၊ အားသာချက်များကို သုံးသပ်ဆွေးနွေး၍ သင်ခန်းစာယူပြီး သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

**ညှိနှိုင်းဆုံးဖြတ်**

ထို့နောက် တက်ရောက်လာသော ခရိုင်မှူး၊ မြို့နယ်မှူး၊ စခန်းတာဝန်ခံများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအစဉ်များ တင်ပြကာ စစ်ကိုင်းတိုင်း ငါးထုတ်လုပ်မှုမှ သိသိသာသာတိုးတက်ရေး ညှိနှိုင်းဆုံးဖြတ်ကြသည်။

အစည်းအဝေးသို့ တိုင်းဦးစီးဌာနမှူး ဦးလှထွန်း၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ငါးလုပ်ငန်းစခန်းတာဝန်ခံများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး၊ တိုင်းဦးစီးဌာနမှူးက ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ပြီး လုပ်ငန်းများအပေါ် အားနည်းချက်၊ အားသာချက်များ ဆွေးနွေးမှာကြားပြီး တက်ရောက်လာကြသော ခရိုင်မှူး၊ မြို့နယ်မှူး၊ စခန်းတာဝန်ခံများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကာ တိုင်းအတွင်း ငါးထုတ်လုပ်မှု သိသိသာသာ တိုးတက်စေရေးနှင့် ငါးလုပ်ငန်းဖွံ့ဖြိုး တိုးတက်စေရေး အကောင်အထည်ဖော်သွားရန် ညှိနှိုင်းဆုံးဖြတ်ကြသည်။ **(က-ပ)**

## ရွှေဂွန်း အထက ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရွှေဂွန်းအထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်၆၀ အထက် ဆရာဆရာမကြီးများအား ဒုတိယအကြိမ် ပူဇော်ကန်တော့ပွဲကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁) ရွှေဂွန်း ဖွဲ့ကပင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ဆရာ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် ကျောင်းသူ ကျောင်းသားဟောင်းများ လာရောက် ဂါရဝပြုကြပါရန် ဖိတ်ကြားထားသည်။ အလှူငွေများကို ဒေါ်မြင့်မြင့်ဝင်း (ကျောင်းအုပ်ဆရာမကြီး အထက-၁၊ ရွှေဂွန်း)ဖုန်း-၀၅၈-၂၁၉၈၅၊ ဦးတင်ဖေ-ဒေါ်မြင့်ရီ ဖုန်း-၀၅၈-၂၁၀၆၈နှင့် ဦးဖိုးလုံး-ဒေါ်ကျင်လွမ်း ဖုန်း-၀၅၈-၂၂၀၈၁ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**



**ဒီဇင်ဘာ ၂၄ရက်က မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်နှင့် ဂရိတ်ဝေါ ဆောက်လုပ်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ခုနှစ် သတ္တမအကြိမ် ဂရိတ်ဝေါအမျိုးသားတံခွန်စိုက်ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျုံးကြီးလမ်း အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေတို့က ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်စဉ်။**

(မြန်မာ့အလင်း)

**ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကရင်ခြံရပ်ကွက် စက်မှုလုပ်ငန်းငယ်များမီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြို့နယ် မီးသတ်ဦးစီးမှူး ရဲသူရိန်ဌေးဝင်းနှင့် အဖွဲ့က လက်တွေ့သရုပ်ပြသစဉ်။** (က-ပ)



# ကမ္ဘာ့တစ်လွှား အားကစား

## လေးမန်းအား အာဆင်နယ် စာချုပ်နိုင်မည်လော

**လန်ဒန် ဒီဇင်ဘာ ၂၅**

အာဆင်နယ်ဂိုးသမား ဂျင်းစ်လေးမန်းသည် အာဆင်နယ်က စာချုပ်သစ်ချုပ်ဆိုရေး ကမ်းလှမ်းလိမ့်မည် ဖြစ်ကြောင်း၊ စပိန်နှင့် ဂျာမနီကလပ်များသို့ ပြောင်းရွှေ့ရန် မရှိကြောင်း ၎င်းက ပြောကြားလိုက်သည်။



**အာဆင်နယ်ဂိုးသမား ဂျင်းစ်လေးမန်း။**
(ဓာတ်ပုံ-အင်တာနက်)

လေးမန်းသည် အာဆင်နယ်အသင်းနှင့် တစ်နှစ်စာချုပ်များ ချုပ်ဆိုခဲ့ရာတွင် တတိယမြောက်နှစ်အဖြစ် အာဆင်နယ်က ချုပ်ဆိုနိုင်ဖွယ်ရှိသည်။

**ထိပ်တန်းဦးစားပေး**

မိမိ၏အနာဂတ်နှင့် ပတ်သက်၍ စာချုပ်ချုပ်ဆို ဆွေးနွေးရာတွင် အာဆင်နယ်က ထိပ်တန်းဦးစားပေးထားကြောင်း အသက်(၃၇)နှစ် ရှိပြီဖြစ်သော အာဆင်နယ် ဂိုးသမားကြီး လေးမန်းက ပြောကြားသည်။

**ပြောကြား**

သို့ရာတွင် အာဆင်နယ်က မိမိအား စာချုပ်သစ်ဖြင့် ဆက်လက် ခေါ်ယူလိမ့်မည်ဟု ယတိပြတ် မပြောနိုင်သေးကြောင်းလည်း ၎င်းက ပြောကြားသည်။

လေးမန်းသည် အာဆင်နယ်အသင်းကို ယမန်နှစ်က ချန်ပီယံလိဂ် ဗိုလ်လုပွဲအရောက်ပို့ပေးနိုင်သည့်အပြင် ဂျာမနီအသင်းကိုလည်း ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲသို့ အရောက် ပို့ပေးနိုင်ခဲ့သည်။

၎င်းသည် ဒီဇင်ဘာ ၂၃ ရက်တွင် အာဆင်နယ်က ဘလက်ဘန်းကို ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့ရာတွင်လည်း အထူးအစွမ်းပြခဲ့သည်။ **(အင်တာနက်)**

## ချယ်လ်ဆီးအသင်း ကစားသမားများ ဝယ်ယူမှု အသုံးစရိတ်လျှော့ချမည်ဟု အေဘရာမိုဗစ်ချ် ပြောကြား

လန်ဒန် ဒီဇင်ဘာ ၂၅

**ရုရှားသူဌေး ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်သည် ကစားသမားများ အပြောင်းအရွှေ့ဈေးကွက်တွင် ငွေကြေး သုံးစွဲမှုများ လျှော့ချသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။**

ပြုလုပ်ဖွယ်

**ယူအီးအက်ဖ်အေအနေဖြင့် ချမ်းသာသူများ ရင်းနှီးမြှုပ်နှံမှုကို ထိန်းချုပ်ခြင်းဖြင့် ဘောလုံးကို ပို၍ယှဉ်ပြိုင်စေရန် ပြုလုပ်ဖွယ်ရှိသည်။**

**စုစည်းတင်ပြသူ - မြင့်မောင်စိုး**



**ချယ်လ်ဆီးအသင်းပိုင်ရှင် အေဘရာမိုဗစ်ချ်။**
(ဓာတ်ပုံ-အင်တာနက်)

**ရုရှားသူဌေး အေဘရာမိုဗစ်ချ်သည် ၂၀၀၃ခုနှစ်က ချယ်လ်ဆီးအသင်းကို လွှဲပြောင်းယူခဲ့ပြီးနောက် ဒေါ်လာ သန်းပေါင်းများစွာ သုံးစွဲခဲ့သည်။**

သုံးစွဲမှု

**မိမိတို့သည် လာမည့်နှစ်များတွင် အပြောင်းအရွှေ့ဈေးကွက်၌ အားကစားသမားများ ခေါ်ယူရာတွင် သုံးစွဲမှုများ နည်းလာလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**

**သို့သော်လည်း မိမိတို့ မဟာဗျူဟာအရ ဘောလုံးသင်တန်းကျောင်းတွင် ကိုယ်ပိုင် ဘောလုံးသမားများ မွေးထုတ်သွားမည် ဖြစ်ကြောင်း၊ အပြောင်းအရွှေ့ ဈေးကွက်တွင် ချယ်လ်ဆီးက လွှမ်းမိုးထားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။**

မစွက်ဖက်

**မိမိအနေဖြင့် ဘောလုံးသမားများ ဝယ်ယူရေးအတွက် စွက်ဖက်လိမ့်မည် မဟုတ်ကြောင်း၊ အသင်းမန်နေဂျာထက် မိမိ၏ အခန်းကဏ္ဍမှာ အရေးမကြီးကြောင်း ၎င်းက ဆက်လက် ပြောကြားသည်။** (အင်တာနက်)

## မစ်ဒယ်ဘာရော့တွင် ဗီဒူကာ ဆက်လက် ကစားရန် နည်းပြဆောက်ဂိတ်က စာချုပ်သစ် ချုပ်ဆိုမည်ဆို

**လန်ဒန် ဒီဇင်ဘာ ၂၅**

မစ်ဒယ်ဘာရော့အသင်းအနေဖြင့် မတ်ခ်ဗီဒူကာနှင့် စာချုပ်သစ်ချုပ်ဆိုရေးကိစ္စကို စတင်ဆွေးနွေးမည်ဖြစ်ကြောင်း အသင်းနည်းပြ ဆောက်ဂိတ်က အခိုင်အမာပြောကြားလိုက်သည်။



**မစ်ဒယ်ဘာရော့တိုက်စစ်မှူး မတ်ခ်ဗီဒူကာ။**
(ဓာတ်ပုံ-အင်တာနက်)

ဩစတြေးလျ တိုက်စစ်မှူးမတ်ခ်ဗီဒူကာသည် ၎င်း၏ အနာဂတ်နှင့်ပတ်သက်ပြီး စဉ်းစားနေဖွယ်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် မစ်ဒယ်ဘာရော့အသင်းက စာချုပ်သစ် ချုပ်ဆိုရေး ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးခြင်းမပြုခဲ့၍ ဖြစ်ကြောင်း သတင်းများ ပေါ်ထွက်ခဲ့ပြီးနောက် အထက်ပါအတိုင်း နည်းပြ ဆောက်ဂိတ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

**ဆွေးနွေးသွားမည်**

အသက်(၃၁)နှစ်ရှိ အဆိုပါ တိုက်စစ်မှူးသည် လာမည့်နွေရာသီတွင် လက်ရှိစာချုပ်သက်တမ်းကုန်ဆုံးမည် ဖြစ်ရာ စာချုပ်သစ်ချုပ်ဆိုနိုင်ရေးအတွက် ဆွေးနွေးသွားမည် ဖြစ်ကြောင်း ဆောက်ဂိတ်က ပြောကြားသည်။

**အထူးခြေစွမ်းပြ**

ဗီဒူကာသည် ဒီဇင်ဘာ ၂၃ ရက်က ချာလ်တန်အသင်းကို နှစ်ဂိုး- ဂိုးမရှိဖြင့် မစ်ဒယ်ဘာရော့အသင်းက အနိုင်ရခဲ့ရာတွင် အထူးခြေစွမ်းပြ ကစားခဲ့သူဖြစ်သည်။ **(အင်တာနက်)**

## ဖူလ်ဟမ်နောက်ခံလူ ဇက်နိုက် မေးရိုးကျိုး၍ နှစ်လခန့် နားရမည်

**ရေးသားတင်ပြသူ**

**မောင်မောင်မြင့်ဆွေ**

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဖူလ်ဟမ် နောက်ခံကစားသမား ဇက်နိုက်သည် မတော်တဆဖြစ်ရပ်တစ်ခုကြောင့် မေးရိုးကျိုးသွားသဖြင့် နှစ်လခန့် အနားယူ ဆေးကုသရဖွယ်ရှိကြောင်း ဖူလ်ဟမ်ကလပ်က ပြောကြားသည်။



**ဖူလ်ဟမ် နောက်ခံကစားသမား ဇက်နိုက်။**
(ဓာတ်ပုံ-အင်တာနက်)

ဇက်နိုက်၏မေးရိုး ဒဏ်ရာရရှိမှုနှင့်ပတ်သက်ပြီး ပြောကြားရာတွင် မိမိအနေဖြင့် မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး ပြဿနာတစ်စုံတစ်ရာ မဖြစ်ပွားခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ဇက်နိုက်၏ မေးရိုးကျိုးခဲ့မှုအပေါ် ဖြေရှင်းချက်ကို ဖူလ်ဟမ်ကလပ်မှ ဘဝင်ကျခြင်း မရှိပေ။

အသက်(၂၆)နှစ်အရွယ်ရှိ ဖူလ်ဟမ်ခံစစ်မှူး ဇက်နိုက်သည် ယခုနှစ် ဘောလုံးရာသီ၌ ဖူလ်ဟမ်တို့ ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။

**တာဝန်ကျေ**

ဖူလ်ဟမ်အသင်းအတွက် အသင်းခေါင်းဆောင် တစ်ဦးအဖြစ် တာဝန်ကျေပွန်စွာ ကစားနိုင်ခဲ့သူလည်း ဖြစ်သည်။

**အကောင်းဆုံး**

ဖူလ်ဟမ်အသင်း တန်းစီဇယား၌ အဆင့်နိမ့်နေခြင်းကို အားမရကြောင်း၊ မိမိတို့ အကောင်းဆုံးကစားပေးနေကြောင်း ၎င်းက ပြောကြားသည်။

ဖူလ်ဟမ်အသင်းသည် ယခုနှစ်၌ ပုံမှန်ခြေစွမ်းမရဘဲ တန်းစီဇယားအဆင့် ၁၂နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

**(အင်တာနက်)**

## ဆဲလ်တစ်အသင်းခေါင်းဆောင်လီနွန် ပြန်ကစားမည်

**လန်ဒန် ဒီဇင်ဘာ ၂၅**

ဆဲလ်တစ် အသင်းခေါင်းဆောင် နီးလ်လီနွန်သည် ၂၀၀၇ခု နှစ်ဆန်းကာလတွင် ဘောလုံးပွဲများ ပြန်ကစားမည်ဖြစ်ကြောင်း၊ ပွဲပယ် ခံထားရသော လီနွန်အနေဖြင့် လွတ်လပ်စွာ ပြန်ကစားနိုင်မည်ဖြစ်ကြောင်း ဆဲလ်တစ်ကလပ်က ပြောကြားသည်။



**ဆဲလ်တစ်အသင်းခေါင်းဆောင် နီးလ်လီနွန်။** (ဓာတ်ပုံ-အင်တာနက်)

**အနိုင်ရ**

အသက် ၃၃နှစ်အရွယ်ရှိ လီနွန်သည် ဖာလ်ကက်အသင်းနှင့် ကစားသည့်ပွဲတွင် ကြမ်းတမ်းစွာ ကစားခဲ့မှုကြောင့် ပွဲပယ်ပြစ်ဒဏ်ခံခဲ့ရခြင်းဖြစ်သည်။ ထိုပွဲ၌ ဆဲလ်တစ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လီနွန်အနေဖြင့် ဒီဇင်ဘာ ၃၀ ရက်၌ ကစားမည့်ပွဲ ပါဝင်နိုင်ခြင်းမှာ မသေချာသော်လည်း ၂၀၀၇ခု နှစ်ဆန်းပိုင်းအချိန်များ၌ အသင်းတွင် ပါဝင်ကစားနိုင်မည်ဖြစ်သည်။

**ပွဲပယ်**

လီနွန်သည် ဖာလ်ကက်နှင့်ပွဲတွင် အင်တိုနီစတိုကတ်အား ကြမ်းတမ်းစွာကစားခဲ့မှုကြောင့် ပွဲပယ်ပြစ်ဒဏ်ခံရခြင်းဖြစ်ပြီး ယခုအခါ နှစ်သစ်တွင် ပြန်ကစားနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

## ပရီမီယာလိဂ် ဂိုးအများဆုံး သွင်းထားကြသူများ

လန်ဒန် ဒီဇင်ဘာ ၂၅

**ပရီမီယာလိဂ်ပွဲစဉ် (၁၉) ကစားပြီးချိန်တွင် ဂိုးအများဆုံး သွင်းထားသူများ၏စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-**

| | အမည် | အသင်း | သွင်းဂိုး |
|---|---|---|---|
| (၁) | ဒရော့ဘာ | ချယ်လ်ဆီး | ၁၀ |
| (၂) | ကနူး | ပို့စ်မောက် | ၉ |
| (၃) | ဒွိုင်လီ | ရက်ဒင်း | ၈ |
| (၄) | စီရိုနယ်ဒို | မန်ယူ | ၈ |
| (၅) | ရွန်နေ | မန်ယူ | ၈ |
| (၆) | ဆာဟာ | မန်ယူ | ၈ |
| (၇) | ဂျွန်ဆင် | အဲဗာတန် | ၇ |
| (၈) | လမ်းပတ် | ချယ်လ်ဆီး | ၇ |
| (၉) | မာတင် | နယူးကာဆယ် | ၇ |
| (၁၀) | ဗန်ပါစီ | အာဆင်နယ် | ၇ |
| (၁၁) | အဒီဘာယော | အာဆင်နယ် | ၆ |
| (၁၂) | ဘာရီ | အက်စတွန်ဗီလာ | ၆ |
| (၁၃) | ဒါရင်ဘင့် | ချာလ်တန် | ၆ |
| (၁၄) | ကာမာရာ | ဝီဂန် | ၆ |
| (၁၅) | အွန်နရီ | အာဆင်နယ် | ၆ |

**(အင်တာနက်)**

26-12 (13) 1 12/26/06, 1:36 AM



မန္တလေး ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် မိဘနှစ်ပါးအားရည်စူး၍ အမှတ်၂၆၇ လမ်း၄၀ ရန်ကုန်မြို့နေ ဦးငွေးဝင်း-ဒေါ်လှပွင့် မိသားစုက အလှူငွေကျပ်တစ်သိန်းကို အကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ဓသာရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

## မိုးကုတ်ဝိပဿနာ ဝါပတရားစခန်းပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၌တစ်လနှစ်ကြိမ်ကျင်းပသော ၁၀ရက် တရားစခန်းပွဲကြီး၌ ၂၀၀၇ခုနှစ် ဇန်နဝါရီ ပထမပတ်ကို ဇန်နဝါရီ ၅ရက်မှ ၁၄ရက်အထိ ကျင်းပမည်ဖြစ်သည်။ယင်းတရားစခန်းပွဲကြီးကို ပခုက္ကူဆရာတော် ဘဒ္ဒန္တသုန္ဒရ အရှင်သူမြတ်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့်ဝိပဿနာသစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါကဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။**(က-ပ)**



တောင်သာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ၂၀၀၆ ခုနှစ်အတွင်း နိုင်ငံတော်မှ ချီးမြှင့်ပူဇော်သည့် ဘွဲ့တံဆိပ်တော် ရရှိသော ဆရာတော်ကြီး ခြောက်ပါးနှင့်သီလရှင်တစ်ပါးတို့အား ထပ်ဆင့်ပူဇော်သည့် အခမ်းအနားကို ဒီဇင်ဘာ ၃ ရက်က ပြည်လုံးအောင်ချမ်းသာ ဘုရားတန်ဆောင်း၌ ကျင်းပစဉ်။ (မြို့နယ် ပြန်/ဆက်)

## ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့မှ ကျေးရွာအုပ်စုဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး သင်တန်းဖွင့်

**ကန့်ဘလူ ဒီဇင်ဘာ ၁၀**

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့မှ ရပ်ကွက်၊ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၇ရက်နံနက် ၈ နာရီက ကန့်ဘလူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း လျှပ်စစ်အင်ဂျင်နီယာဦးအောင်မြင့်၊ ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမြဝင်းအောင်၊ ကန့်ဘလူမြို့နယ် ဥက္ကဋ္ဌ ဦးခွန်စိုးလွင်၊ ကျွန်းလှမြို့နယ် ဥက္ကဋ္ဌ ဦးအေးနိုင်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကန့်ဘလူမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု(၉)အုပ်စုမှ ဥက္ကဋ္ဌများနှင့် ကျွန်းလှမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာ အုပ်စု ၃၇အုပ်စုတို့မှ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကာလမှာ နိုဝင်ဘာ ၂၇ ရက်မှ ဒီဇင်ဘာ၂၃ရက်အထိဖြစ်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် ဝန်ကြီးဌာနအလိုက် မြို့နယ်ဦးစီးဌာနမှူးများက ပို့ချပေးခဲ့ကြပြီး သင်တန်းသား ၁၂၈ ဦးတက်ရောက်ကြောင်း သိရသည်။ **(ဝ၅၆)**

## ဂုဏ်ပြုလွှာချီးမြှင့်

**မိခင်ကြီးဒေါ်လှရင်အား ရည်စူး၍ ရန်ကုန် တိုင်း တာမွေမြို့နယ် ကျောက်မြောင်း ဗဟိုရ်လမ်း အမှတ်(၂၀)နေ သမီး ဒေါ်မြမြဆွေက ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင် သမ္ဗုဒ္ဓေ စေတီရံ တစ်ဆူအတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ သာသနာပြု ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။** (က-ပ)



**ဝိုင်းမော်မြို့မ ဈေးပတ်လမ်း ကတ္တရာခင်းရန် ကျောက်များ စုဆောင်းထားမှုအခြေအနေကို နိုဝင်ဘာ ၁၁ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)



## စုပေါင်းလမ်းလျှောက်ပွဲ လှိုင်လင်တွင် ကျင်းပ

**လှိုင်လင် ဒီဇင်ဘာ ၁၂**

ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ်တွင် ပထမပတ် ဒီဇင်ဘာ ၂ ရက် နံနက် ၅ နာရီက ကျင်းပရာ လှိုင်လင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ငွေး ဦးဆောင်၍ ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာနရုံးရှေ့မှ လှိုင်လင်မြို့အဝင် ဆိုင်းဘုတ်အထိ ပြည်သူအင်အား ၄၀၀၀ခန့်သည် တပျော်တပါး စုပေါင်း လမ်းလျှောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## စာပေဟောပြောပွဲ မိုးညိုမြို့နယ်၌ ကျင်းပ

**မိုးညို ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်း(အနောက်ပိုင်း)မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူး၍ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂၀ရက်ညက မြို့လယ်ဈေးရင်ပြင်တွင် ကျင်းပသည်။

အခမ်းအနားတွင် စာရေးဆရာများဖြစ်ကြသော ဆရာသုမောင်က စာပေ၊ ဂီတ၊ ကဗျာအလင်္ကာ၊ ဆရာနန္ဒာမိုးကြယ်က ရောက်တတ်ရာရာ စာပေကဗျာ၊ ဆရာအောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)က ဘဝသရုပ်ဖော် သုတရသစာပေနှင့် ဆရာကြယ်တစ်လုံးက အနုပညာကြယ် တစ်လုံး ခေါင်းစဉ်တို့ဖြင့်ဟောပြောကြသည်။

စာရေးဆရာကြီးများသည် မိုးညိုမြို့ မဟာသုမင်္ဂလ ကြေးသွန်းဘုရားအတွင်း၌ သီတဂူဆရာတော် အရှင်ဉာဏိဿရ အုတ်မြစ်ချဖွင့်လှစ်ပေးခဲ့သည့် ဓမ္မစေတီ ဗုဒ္ဓစာကြည့်တိုက်သို့ သွားရောက်လေ့လာကြရာ စာကြည့်တိုက်ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနန်းဦးတို့က စာကြည့်တိုက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။ **(က-ပ)**

**ချောင်းဦးမြို့နယ်ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် ကျေးရွာအုပ်စုပေါင်းစုံ အကြီးတန်းဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ၂၅ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပရာ ဗိုလ်စွဲသွားသော တမာမြိုင်ရပ်ကွက် လက်ရွေးစင်ဘောလုံးအသင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးညွန့်မောင်က ဆုဖလားပေးအပ်ချီးမြှင့်စဉ်။** (ကြံ့ခိုင်ဖွံ့ဖြိုးရေး)



## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ်ပြာသိုလဆန်း ၉ ရက်**

**၂၇-၁၂-၂၀၀၆**

**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပလတ်စတစ်ဘူးခွံ၊ ပုံးခွံအမျိုးမျိုးထုတ်လုပ်မှုအကြောင်း)

၁၁း၃၀ သောတရှင်အတွက်ပြန်ကြားချက်

၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ထားဝယ်ဒေသမှ ပျူနိုင်ငံ၏ မြို့ဟောင်းများ-တတိယပိုင်း) (ဒေါက်တာဦးဖေဉာဏ်)

၁၂း၂၅ သူ့အတွေးနှင့်သူ့အရေး (ရယ်မောခြင်းဖြင့်ရင်ဆိုင်မယ်) (ကြယ်စင်ဖြူ)

၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) အောင်မြေသာဇံပတ်ပျိုး (ဒေါ်ကြည်ကြည်ဝင်း)
(၂) မန္တလေးမြို့ဘွဲ့ ယိုးဒယား (မာမာကြည်)

**ညနေပိုင်း**

၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ရေမြေအနံ့ခြေဆန့်ရှာမယ်(မိုးမိုးသိမ့်)
(၂) ကိုယ့်ချစ်သူအနွံ့အယဉ် (ဓညဝတီခင်မောင်သန့်)
(၃) ဗျာပါမြေရုံ (ညွန့်ညွန့်စိန်)

၁၇း၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (ပင်လယ်ဂုံးချက်၊ကဏန်းကြော်နဲ့ ငါးကင်)

၁၇း၄၅ သူ့လက်သံ (အဆို၊အက၊အရေး၊အတီးဆုရ ရန်ကုန်တိုင်းမှ ချစ်ကိုကိုစိုးနှင့် မွန်ပြည်နယ်မှ မောင်မင်းအောင်ကျော်သူတို့၏ ပတ္တလားလက်သံ)

၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဆေးအလှူ (သာမဏေကျော်)
(၂) အခြေခံပညာအလယ်တန်း ပတ္တမြားရတနာစာစီစာကုံးများ(ဦးဝမ်ထိန်)

၁၉း၁၅ မေတ္တာလက်ဆောင်ရ တေးစီးရီး(မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုင်းဆိုင်မောဝ်၏အဖေ့ရဲ့သားတေးစီးရီး)

၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) တစ်ခြမ်းကအိပ်မက် တစ်ဝက်ကပုံပြင် (ကိုတင်ကိုး)
(၂) တူနှစ်ကိုယ် (ရွှေယမင်းဦး)
(၃) မေတ္တာစစ်ဆိုသည်များရယ်(မျိုးမြင့်လေး)



**ချင်းပြည်နယ် ရေဇွာမြို့တွင် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ မြို့တွင်းလမ်းဘေးဝဲယာ သန့်ရှင်း ရေး ဆောင်ရွက်နေမှုကို ဒီဇင်ဘာ၅ရက်က အမှုဆောင်အရာရှိ ဦးလှိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်စက်ရုံ တတိယအကြိမ် စာပေဟောပြောပွဲကျင်းပ

**ရွှေတောင် ဒီဇင်ဘာ ၁၀**

ရွှေတောင်အဆင့်မြင့် ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူး၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၂ရက်ညနေက စက်ရုံနယ်မြေ ဝိဇယမင်္ဂလာခန်းမရုံ၌ ကျင်းပရာ စက်ရုံမှူးဦးဇော်ဝင်းမောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ စာပေဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

**ဟောပြော**

စာပေဟောပြောပွဲတွင် စာရေးဆရာချစ်နိုင်(စိတ်ပညာ)က မမေ့နိုင်သော ချစ်သူများ၊ စာရေးဆရာကောင်းသန့်က စာဖတ်ပါ တွေးပါနှင့် စာရေးဆရာ ဒေါက်တာခင်မောင်ညိုက အမြင်ခေါင်းစဉ်များဖြင့် စာပေရေးရာများ ဟောပြောခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)
## ရန်ကုန်စီးပွားရေးတက္ကသိုလ်
## (၄၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန်
## လျှောက်လွှာခေါ်ယူခြင်းကြေညာချက်

(၂၀၀၅–၂၀၀၆)ခု ပညာသင်နှစ်အတွက် ၂၀၀၆ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကျင်းပခဲ့သော တတိယနှစ်(၂၀၀၃ အောင်) သင်တန်းအသီးသီး၏ စာမေးပွဲအောင်မြင်ထားကြသော ကျောင်းသား ကျောင်းသူများနှင့် နောက်ဆုံးနှစ် ဂုဏ်ထူးတန်း၊ ဒီပလိုမာနှင့် မဟာတန်း အသီးသီး အောင်မြင်ထားကြသော ကျောင်းသား ကျောင်းသူများကို ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည် ဖြစ်ပါသည်။

**ကျင်းပမည့် ရက်၊ နေ့** – ၂၀၀၇ခုနှစ် မတ်လ ၃ရက် (စနေနေ့)နှင့် ၂၀၀၇ခုနှစ် မတ်လ ၄ရက်(တနင်္ဂနွေနေ့)

**ကျင်းပမည့်နေရာ** – ဘွဲ့နှင်းသဘင်ခန်းမ (ရန်ကုန်တက္ကသိုလ်နယ်မြေ)

**နံနက်ပိုင်းအစီအစဉ်(နံနက် ၉း၀၀)နာရီ (၃–၃–၂၀၀၇)ရက်**
**စဉ် ဘွဲ့အမည်**

၁။ ပါရဂူဘွဲ့
၂။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့
၃။ မဟာစီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)
၄။ စီးပွားရေးပညာဒီပလိုမာ
၅။ စီးပွားရေးပညာဂုဏ်ထူးဘွဲ့(ဘောဂဗေဒ)
၆။ စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ)
၇။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာဘွဲ့
၈။ ဖွံ့ဖြိုးရေးပညာဘွဲ့
၉။ ဖွံ့ဖြိုးရေးပညာဒီပလိုမာ

**ညနေပိုင်းအစီအစဉ်(ညနေ ၃း၀၀)နာရီ (၃–၃–၂၀၀၇)ရက်**
**စဉ် ဘွဲ့အမည်**

၁။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့
၂။ မဟာဝါဏိဇ္ဇဘွဲ့
၃။ စီမံအုပ်ချုပ်မှုဒီပလိုမာ
၄။ ဝါဏိဇ္ဇဘွဲ့
၅။ စာရင်းကိုင်ပညာဘွဲ့
၆။ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့

**နံနက်ပိုင်းအစီအစဉ်(နံနက် ၉း၀၀)နာရီ (၄–၃–၂၀၀၇)ရက်**
**စဉ် ဘွဲ့အမည်**

၁။ ဖွံ့ဖြိုးရေးပညာမဟာဘွဲ့
၂။ မဟာစီးပွားရေးပညာဘွဲ့(စာရင်းအင်း)
၃။ စာရင်းအင်းပညာဒီပလိုမာ
၄။ စီးပွားရေးပညာဂုဏ်ထူးဘွဲ့(စာရင်းအင်း)
၅။ စီးပွားရေးပညာဘွဲ့(စာရင်းအင်း)
၆။ လူဦးရေပညာဘွဲ့
၇။ လုပ်ငန်းသုံးအဆင့်မြင့်စာရင်းကိုင်ပညာဒီပလိုမာ
၈။ လုပ်ငန်းသုံးအဆင့်မြင့်စီးပွားရေးပညာဒီပလိုမာ

**တက်ရောက်ဘွဲ့နှင်းသဘင်ကြေး** –ကျပ် ၁၅၀၀/–(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး** –ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ)
**အစမ်းလေ့ကျင့်မည့် ရက်၊ နေ့** –၂၀၀၇ခုနှစ် မတ်လ ၁ ရက်
**အစမ်းလေ့ကျင့်ရမည့်အချိန်** –နံနက် (၉း၀၀)နာရီ (၃–၃–၂၀၀၇)ရက်နေ့ ဘွဲ့ယူမည့်သူများ
မွန်းလွဲ (၁း၀၀)နာရီ (၄–၃–၂၀၀၇)ရက်နေ့ ဘွဲ့ယူမည့်သူများ
**လျှောက်လွှာပိတ်မည့်ရက်** –၂၀၀၇ခုနှစ် ဇန်နဝါရီလ ၃၁ရက်

**မှတ်ချက်**။ ။ (၁) သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၂) နှစ်ဟောင်းမှ ဘွဲ့/ဒီပလိုမာ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။
(၃) တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော (နှစ်လက်မ× တစ်လက်မခွဲ )ဓာတ်ပုံနှစ်ပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် လျှောက်ထားရမည်။
(၄) အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် (မြန်မာဝတ်စုံ ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသည့် မြန်မာထဘီ၊ အင်္ကျီ) တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို (အပြည့်အစုံ) ဝတ်ဆင်၍ တက်ရောက်ရပါမည်။
(၅) အသေးစိတ် အချက်အလက်များကို ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီး)တွင် လာရောက် စုံစမ်းနိုင်ပါသည်။
(၆) ဘွဲ့လျှောက်ထားရာတွင် ကျောင်းသား ကျောင်းသူများကိုယ်တိုင် နိုင်ငံသား စိစစ်ရေးကတ်ပြား သို့မဟုတ် ဧည့်နိုင်ငံသားလက်မှတ် သို့မဟုတ် နိုင်ငံသားပြု လက်မှတ်မူရင်း တင်ပြ၍ လျှောက်ထားရပါမည်။

**မော်ကွန်းထိန်းအဆင့်(၁)**
**စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်။**

## ဈေးပြိုင်အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ အသုံးမလို ပိုလျှံပစ္စည်းများနှင့် ယာဉ်များအား အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။ အဆိုပါ ပစ္စည်းများစာရင်းကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အမှတ်(၆၂)၊ ဒုတိယထပ်၊ ဗိုလ်ဆွန်ပက်လမ်းနှင့် ကုန်သည်လမ်းထောင့် ရန်ကုန်မြို့နှင့် ရုံးအမှတ်(၃၂)နေပြည်တော်တွင် ကြော်ငြာထားမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| ၂။ တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ | – | ၂၂–၁၂–၂၀၀၆ရက်နေ့မှစ၍ ရုံးချိန်အတွင်း |
| ရောင်းချမည့်နေ့ရက်နှင့်နေရာ | – | ၁။ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၆၂)၊ ဒုတိယထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊ ရန်ကုန်မြို့။ ၂။ ရုံးအမှတ်(၃၂)နေပြည်တော်။ |
| ၃။ တင်ဒါစတင်တင်သွင်းရမည့်နေ့ရက် | – | ၂၂–၁၂–၂၀၀၆ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ရုံးအမှတ်(၃၂)နေပြည်တော်။ |
| ၄။ တင်ဒါတင်သွင်းရမည့်နေရာ | – | ရုံးအမှတ်(၃၂)နေပြည်တော်။ |
| ၅။ တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်နှင့်အချိန် | – | (၁၆–၁–၂၀၀၇)ရက် (၁၁း၀၀) နာရီ |
| ၆။ တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်နှင့်နေရာ | – | (၁၆–၁–၂၀၀၇)နေ့(၁၂း၀၀) နာရီ ရုံးအမှတ်(၃၂)နေပြည်တော်။ |

၇။ တင်ဒါပုံစံနှင့်ပတ်သက်၍ အသုံးမလို ပိုလျှံပစ္စည်းများအားတစ်စုံလျှင်ကျပ်၃၀၀၀/ (ကျပ်သုံးထောင်တိတိ)၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား တစ်စုံလျှင်ကျပ် ၅၀၀၀/နှုန်းဖြင့်လည်းကောင်း၊ ရုံးချိန်အတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ အမှတ်(၆၂)၊ ဒုတိယထပ်၊ ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် ရန်ကုန်မြို့တွင် လည်းကောင်း၊ ရုံးအမှတ်(၃၂)နေပြည်တော်တွင်လည်းကောင်း ဝယ်ယူနိုင်ပါသည်။

**လေလံတင်ထုခွဲရောင်းချရေးကော်မတီ**
**ရုံးအမှတ်(၃၂)နေပြည်တော်။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန
## ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၂)
## Special Certificate in Education Technology (SCET)
## သင်တန်းသားများခေါ်ယူခြင်း

၁။ အခြေခံပညာကျောင်းများတွင် လိုအပ်နေသည့် အထက်တန်းပြရာထူးနေရာများတွင် တာဝန်ပေးရန်ရှိသဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်း ပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် ဖွင့်လှစ်မည့် ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၂) Special Certificate in Education Technology (SCET) သို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်–

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒဘာသာရပ်တစ်ခုခုတွင် ဘာသာရပ်ဘွဲ့(ဂုဏ်ထူးတန်း)နှင့်အထက် ရရှိသူများဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာအတွက် ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ရရှိသူများလည်း လျှောက်ထားနိုင်သည်။
(ဂ) ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၅)ရက်တွင် အသက်(၃၀)နှစ်ထက် မကြီးသူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရမည်။ သင်ကြားရေး အတွေ့အကြုံရှိသူများအတွက် အသက်ကိုလျှော့ပေါ့စဉ်းစားပေးမည်။
(ဃ) ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်(မန္တလေးဌာနခွဲ)တို့တွင် သင်တန်းတက်ရောက်ရမည်။
(င) မြန်မာနိုင်ငံအတွင်း ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(စ) လုပ်သက်တစ်ဆက်တည်း အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။
(ဆ) ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ ရက်သတ္တ ၇ ပတ်ကြာ သင်တန်းတက်ရောက်ရမည်။

၃။ သင်တန်းတက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာကျောင်းများတွင် အထက်တန်းပြအဖြစ် ခန့်ထားပေးမည်။ လုပ်သက်အရ ပညာရေးဘွဲ့ (B.Ed) သင်တန်း ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၄။ လျှောက်ထားသူသည် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပညာရေးမှူးရုံးများသို့ ပူးတွဲပါသင်တန်းဝင်ခွင့် လျှောက်လွှာပုံစံတွင် ကိုယ်တိုင်ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာ(၃)စုံကို ၆လအတွင်းရိုက်ကူးထားသည့် ပတ်(စ်)ပို့အရွယ်ဓာတ်ပုံကပ်၍ ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ၊ မြန်မာနိုင်ငံအတွင်း ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ရဲတပ်ဖွဲ့စခန်းတို့၏ ထောက်ခံချက်များဖြင့် ၂၀၀၇ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း ပညာရေးမှူးရုံးများကို ပေးပို့တင်သွင်းရပါမည်။

၅။ ဇန်နဝါရီလ ၂၃ရက် ၉း၀၀နာရီတွင် ဘာသာရပ်ဆိုင်ရာ ရေးဖြေစာမေးပွဲနှင့် ၁၄း၀၀ နာရီတွင် အထွေထွေဗဟုသုတဆိုင်ရာ ရေးဖြေစာမေးပွဲများကျင်းပ စစ်ဆေးမည်။ ဇန်နဝါရီလ ၃၀ ရက်မှစ၍ ဘာသာရပ်အလိုက် လူတွေ့နှုတ်ဖြေစစ်ဆေးမည်။

၆။ ရေးဖြေစာမေးပွဲနှင့် လူတွေ့နှုတ်ဖြေစစ်ဆေးမည့် တက္ကသိုလ်အမည်ကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်း ပညာရေးမှူးရုံးတွင် ကြေညာထားပါမည်။

၇။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ မိမိတို့၏ ပြည်နယ်၊တိုင်း(သို့မဟုတ်)မြို့နယ်အဆင့် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရန်ဖြစ်သည်။

**ဘိုဝင်း**
**ညွှန်ကြားရေးမှူးချုပ်**

## ပညာရေးနည်းပညာ အထူးသင်တန်းအမှတ်စဉ်(၂)
## Special Certificate in Education Technology (SCET)
## သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန |
|---|---|---|---|
| လျှောက်ထားသူ | | | |
| ဖခင် | | | |
| မိခင် | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------- ခုနှစ်၊ ----------- လ၊ ----------- ရက်၊
၃။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ------------------
၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ------------------------------------
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် ------------------------------------
၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက) ဇနီး/ခင်ပွန်းအမည် --------------------------------
နှင့် အလုပ်အကိုင် --------------------------------
၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံ ------------------------------------------
---------------

လျှောက်ထားသူလက်မှတ်






ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး တာလေမြို့ အမှတ်(၃)ရပ်ကွက် ရေပိုက်လိုင်း တိုးချဲ့သွယ်တန်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၈ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## ကွန်ကရစ်ရေထုတ်မြောင်း

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းတို့ ယင်းမာလမ်းသံကူကွန်ကရစ် ရေထုတ်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းကို နိုဝင်ဘာ၂၆ရက်က ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)





## ရေပေးဝေ

မကွေးတိုင်း အောင်လံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းရပ်ကွက်များ ရေပေးဝေခြင်းနှင့်ပတ်သက်၍ ဒီဇင်ဘာ၂၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးတင်န ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးလှမျိုးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

# သုတေသနနှင့်တီထွင်မှုလုပ်ငန်းများ ဆောင်ရွက် စက်ပစ္စည်းအမယ်သစ်များ တိုးတက်ထုတ်လုပ်ရေးစီစဉ် ထုတ်လုပ်ပြီး စက်ပစ္စည်းများ ဈေးကွက်သို့ဆောလျင်စွာဖြန့်ဖြူး

နေပြည်တော် ဒီဇင်ဘာ ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၃ရက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းအနောက်ပိုင်း ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁) စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (ညောင်ခြေထောက်)သို့ သွားရောက်စစ်ဆေးရာ စက်ရုံအထွေထွေမန်နေဂျာ ဦးသစ်လွင်လေးက တပ်ဆင်ရေးအလုပ်ရုံ၌ ရောင်းချပြီးဖြစ်သည့် Junior CNC Lathe Machine များကို သယ်ယူပို့ဆောင်ရန် စနစ်တကျ ထုပ်ပိုးထားရှိမှုများ၊ Column Type Drilling Machine , Junior DRO Lathe Machine များ တပ်ဆင် ထုတ်လုပ်နေမှုများနှင့် တပ်ဆင်ပြီးထုတ်ပေးရန် အသင့်စက်များကိုလည်းကောင်း၊ Enamelled Copper Wire ထုတ်လုပ်မှုအလုပ်ရုံတွင် Enamelled Copper Wire ကြိုးများ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ထုတ်လုပ်ပြီး ဝိုင်ယာကြိုးများ ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း လိုက်လံ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၇ ကော်လံ ၅ ●



မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွန့်စွန့်စားစား လေ့ကျင့်နေသည့်မြင်ကွင်းမှာလည်း ရင်ဖိုဖွယ်ရာမြင်ကွင်းတစ်ခုအဖြစ် ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်းသူ
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း–တင်စိုး
(မြန်မာ့အလင်း)

# အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် လျှပ်စစ်စမ်းသပ်ရေးဌာန ကြည့်ရှုစစ်ဆေး မှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၅

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် အလုံမြို့နယ် လျှပ်စစ်စမ်းသပ်ရေးဌာနသို့ ရောက်ရှိရာ လျှပ်စစ်စမ်းသပ်ရေးဌာနမှူး အမှုဆောင်အင်ဂျင်နီယာ ဦးညွန့်သန်းက

စာမျက်နှာ ၉ ကော်လံ ၁ ✻

# မီးဘေးနှင့် အခြားဘေးအန္တရာယ်ကယ်တင်မှုလုပ်ငန်းများ မီးသတ်တပ်ဖွဲ့ဝင်များက စွန့်စား၍ ကူညီပေးနေ

ရန်ကုန် ဒီဇင်ဘာ ၂၅

နှစ်စဉ်မီးလောင်မှုကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးနစ်နာလျက်ရှိသည်။ မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်ဟူသော ဆိုရိုးစကားရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✡

# တရုတ်နိုင်ငံ၌ စွမ်းအင်ဖူလုံရေးအတွက် ကောက်ရိုးမှ လျှပ်စစ်ဓာတ်အား ထုတ်ယူမည်

ပေကျင်း ဒီဇင်ဘာ ၂၅

တရုတ်နိုင်ငံအနေဖြင့် စွမ်းအင်သုံးစွဲမှုဖူလုံစေရန်အတွက် ပထမဆုံး ကောက်ရိုးမှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့် စီမံကိန်းကို တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စုပြည်နယ် စုကျင်းမြို့တွင် ရှေ့ပြေးလုပ်ငန်းများ စတင် ပြုလုပ်နေပြီဖြစ်ကြောင်း တရုတ်နိုင်ငံ စွမ်းအင်ထိန်းသိမ်းမှုဆိုင်ရာ ရင်းနှီး မြှုပ်နှံမှု ကော်ပိုရေးရှင်း(စီအီးစီအိုင်စီ)က သတင်းထုတ်ပြန်သည်။

ကီလိုဝပ်

အဆိုပါ ကောက်ရိုးမှ လျှပ်စစ် စွမ်းအင်ထုတ်ယူရေး စီမံကိန်းသည် အမေရိကန်ဒေါ်လာ ၃၁သန်းကုန်ကျမည်ဖြစ်ပြီး တစ်နှစ်လျှင် ကောက်ရိုး တန်ချိန် ၁၇၀၀၀၀မှ၂၀၀၀၀၀ အထိအသုံးပြုခြင်းဖြင့် တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ၁၃၂သန်း ရရှိနိုင်မည်ဖြစ်ကြောင်း စီအီးစီအိုင်စီ၏ အထွေထွေမန်နေဂျာယန်စင်ချန်းက ဒီဇင်ဘာ၂၀ရက်၌ ပြောကြားသည်။

တရုတ်နိုင်ငံတွင်လောလောဆယ်၌ လယ်ကွင်းများနှင့် အဝေးပြေးလမ်းများ တစ်ဖက်တစ်ချက်တွင် နှစ်စဉ် အလဟဿ မီးရှို့ပစ်နေသော ကောက်ရိုးနှင့် အခြားကောက်ပဲသီးနှံအပင်ရိုးတံများမှာ တန်ချိန် သန်း ၁၄၀ခန့်ရှိ နေရာပတ်ဝန်းကျင် ညစ်ညမ်းမှုအပြင် ယာဉ်မောင်းများနှင့် ဒေသခံတို့အတွက်လည်း မီးဘေးအန္တရာယ်ခြိမ်းခြောက်မှုခံနေကြရသည်။

သုံးစွဲ

အဆိုပါအလေအလွင့်ပစ္စည်းများကို အကျိုးရှိစွာအပြည့်အဝ အသုံးပြုနိုင်လျှင် နှစ်စဉ် ကျောက်မီးသွေး တန်ချိန် သန်း၁၀၀သုံးစွဲမှုကြောင့် ရရှိသော လျှပ်စစ်စွမ်းအင်နှင့် တူညီကြောင်း စီအီးစီအိုင်စီအထွေထွေမန်နေဂျာမစ္စတာယန်က ပြောကြားသည်။

ဦးစားပေး

တရုတ်အစိုးရအနေဖြင့် လေစွမ်းအင်၊ နေစွမ်းအင်နှင့် ရုပ်ကြွင်းလောင်စာ စွမ်းအင်စက်ရုံများအပါအဝင် စွမ်းအင်စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် ထိပ်တန်းဦးစားပေး လုပ်ငန်းများဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ



ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ငါးနှင့်လူသား

**ရေထဲတွင် ကူးခတ်နေသော ငါးတစ်ကောင်နှင့် အတူလိုက်ပါပြီး စွမ်းရည်ပြနေသူ တစ်ဦးကို ဤသို့တွေ့ရသည်။** (အောက်ပုံ)

တောင်အာဖရိကနိုင်ငံ ဒူရာဘင်မြို့တွင်ရှိသော ငါးပြတိုက်တစ်ခုတွင် ဒူရာဘင်မြို့သား တစ်ဦးက ငါးများနှင့်တွယ်ကပ်လိုက်ပါခြင်းအပြင် စွမ်းရည်အမျိုးမျိုး ပြသကာ ခရီးသွားများအား ဆွဲဆောင်နေကြောင်း သိရသည်။

**(အင်တာနက်)**

## စိန်အလုံး၁၀၀၀ဖြင့် စီခြယ်ထားသော မိုဘိုင်းလ်ဖုန်း

**စိန်ပွင့်များဖြင့် စီခြယ်ထားသော မိုဘိုင်းလ် ဖုန်းတစ်လုံးကို ဤသို့တွေ့ရသည်။** (အပေါ်ပုံ)

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ချန်ဟာမြို့ရှိ စူပါမားကတ်တစ်ခု၌ ပြသထားသော မိုဘိုင်းလ်ဖုန်းတစ်ခုတွင် စိန်အလုံးပေါင်း ၁၀၀၀ စီခြယ်ထားရာ ၎င်းမိုဘိုင်းလ်ဖုန်းသည် အမေရိကန် ဒေါ်လာ ၁၁၂၅၅၂ တန်ဖိုးရှိကြောင်း သိရသည်။ **(အင်တာနက်)**



26-12 (20) 1 12/26/06, 1:36 AM